ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့၊ (24-8-2011) (၆၈၆၁)

ဒို့တာဝန်အရေးသုံးပါး

- ✫ ပြည်ထောင်စု မပြိုကွဲရေး။
- ✫ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ✫ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ယူကရိန်းနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၂၄

၂၀၁၁ ခုနှစ် ဩဂုတ် ၂၄ ရက်တွင် ကျရောက်သော ယူကရိန်းနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ယူကရိန်းနိုင်ငံ သမ္မတ မစ္စတာ ဗစ်တာ ယာနူကိုဗစ်ချ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ယူကရိန်းနိုင်ငံ ဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၂၄

၂၀၁၁ ခုနှစ် ဩဂုတ် ၂၄ ရက်တွင် ကျရောက်သော ယူကရိန်းနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ယူကရိန်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ မီကိုလာ အဇာရော့ဗ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပ

မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်း၊ အစီရင်ခံစာတင်သွင်းခြင်း အဆိုတင်သွင်းခြင်းနှင့် ဥပဒေကြမ်းတင်သွင်းခြင်းများ ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၃

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ✻

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

၂၄-၈-၂၀၁၁
(ဗုဒ္ဓဟူးနေ့)

ဒီမိုကရေစီ မြန်မာ့လှူ့ဘောင် ပြည်သူလူထုညီညွတ်မှုဖြင့် ဖော်ဆောင်

ခေတ်သစ်၊ စနစ်သစ်၊ ဒီမိုကရေစီနိုင်ငံသစ်ကို ချောမွေ့ညင်သာ အောင်မြင်စွာကူးပြောင်းနိုင်ခဲ့ပြီ။ ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဆင့်ဆင့်ကို ဖွဲ့စည်းထူထောင်ထားရှိပြီ။ ပြည်သူလူထုက ရွေးချယ်တင်မြှောက်လိုက်သည့် ပြည်သူ့ကိုယ်စားလှယ်များအနေဖြင့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး မဏ္ဍိုင်သုံးရပ်၏ အပြန်အလှန် ထိန်းကျောင်းမှုများနှင့်အညီ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားကို ထမ်းရွက်နေကြပေပြီ။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး၊ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးနှင့် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတို့ကို ဩဂုတ် ၂၂ ရက်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ သက်ဆိုင်ရာ လွှတ်တော်ခန်းမအသီးသီး၌ စတင်ကျင်းပလျက်ရှိသည်။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်မိန့်ခွန်းပြောကြားရာတွင် **"ကျွန်တော်တို့အစိုးရဟာ ပြည်သူတွေဖြစ်နေတာတွေ၊ ပြည်သူတွေ ဖြစ်ချင်တာတွေကို ကျွန်တော်တို့သိပါတယ်။ အပြည့်အဝဖြည့်ဆည်း ဆောင်ရွက်နိုင်အောင်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူလူထုက ရွေးချယ်တင်မြှောက်ထားတဲ့ ပြည်သူ့အစိုးရ ဖြစ်တာနဲ့ အညီ ပြည်သူလူထုအကျိုးစီးပွားကို အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ကြောင်း"** ပြောကြားသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အစိုးရသက်တမ်းနုနယ်သေးသော်လည်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီးတွင် ပြည်သူလူထုအကျိုးကို ရှေ့တန်းတင် ကြိုးပမ်းဆောင်ရွက်ပေးနေပြီ ဖြစ်သည်။ ပြည်သူ့အစိုးရ ဖြစ်သည်နှင့်အညီ ပြည်သူလူထု၏ စိတ်ကျေနပ်မှု၊ ပြည်သူလူထု၏ စိတ်ချမ်းသာမှုရရှိအောင် စွမ်းဆောင်ကြရပေမည်။ ခေတ်ပြောင်း၊ စနစ်ပြောင်း နေပြီဖြစ်ရာ လုပ်နည်းလုပ်ဟန်များ၊ ကြိုးနီစနစ်ဆက်လက်စွဲကိုင်ထားသူများ၊ တာဝန်သိမှု၊ တာဝန်ယူမှုကင်းမဲ့ပြီး အဂတိလိုက်စားမှုများကိုလည်း ထိရောက်စွာ ကြပ်မတ်အရေးယူရပေဦးမည်။

ယနေ့ ကာလကဲ့သို့ ဒီမိုကရေစီကျင့်စဉ်များ ထွန်းကားပြန့်ပွားအောင် စတင်ကူးပြောင်းနေချိန်တွင် ပြည်သူတိုင်းက တာဝန်ယူမှု၊ တာဝန်သိမှုများ ပိုမိုခိုင်မာလာအောင် ကိုယ်စီကိုယ်င ထူထောင်သွားကြရပေမည်။ မိမိတို့ နိုင်ငံ၏ ယဉ်ကျေးမှု၊ လူ့အဖွဲ့အစည်းနှင့် လိုက်လျောညီထွေဖြစ်သည့် လွတ်လပ်မှုကို ဖော်ဆောင်ရာတွင် ဒီမိုကရေစီ အလေ့အကျင့်ကောင်းများ ရရှိအောင်လည်း တည်ဆောက်သွားကြရန် လိုအပ်မည်ဖြစ်သည်။

ယနေ့နိုင်ငံတော်တွင် ပြည်သူလူထုတစ်ရပ်လုံးက တစ်ခဲနက် ထောက်ခံ အတည်ပြုထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေရှိနေပြီ။ အစိုးရအဖွဲ့နှင့်အတူ အပြန်အလှန်ထိန်းကျောင်းရေး မဏ္ဍိုင်ဖြစ်သည့် လွှတ်တော်အရပ်ရပ်ရှိနေပြီ။ သီးခြားတည်ရှိနေသည့် တရားစီရင်ရေးမဏ္ဍိုင်ရှိနေပြီ။ မည်သို့သော အတားအဆီး အနှောင့်အယှက်များရှိစေကာမူ သမိုင်းကြောင်းကောင်းသည့် ပြည်သူလူထုတစ်ရပ်လုံး၏ ညီညွတ်သောစွမ်းအားဖြင့် ဒီမိုကရေစီမြန်မာ့လှူ့ဘောင်ကို အောင်မြင်စွာတည်ဆောက်နိုင်မည်ဟု ကြေးမုံက ယုံကြည်ပါကြောင်း။ ။

လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စတာ သောမတ် အိုဟေး ကွင်တားနားနှင့်အဖွဲ့ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံ လူ့အခွင့်အရေးတိုးမြှင့်ရေးနှင့် ကာကွယ်ရေးဆိုင်ရာသင်တန်းသို့ သွားရောက်ကြည့်ရှုလေ့လာ

နေပြည်တော် ဩဂုတ် ၂၃

လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စတာ သောမတ် အိုဟေး ကွင်တားနားနှင့်အဖွဲ့သည် ယနေ့ညနေ ၃ နာရီတွင် ပြည်ထဲရေးဝန်ကြီးဌာန စုစည်းခန်းမ၌ ဖွင့်လှစ်လျက်ရှိသည့် မြန်မာနိုင်ငံ လူ့အခွင့်အရေး တိုးမြှင့်ရေးနှင့် ကာကွယ်ရေးဆိုင်ရာ သင်တန်း (၂၀၁၁)သို့ သွားရောက်ကြည့်ရှုလေ့လာသည်။

အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် ခေတ္တဌာနေ ကိုယ်စားလှယ် မစ္စတာ ရာမတ်ချ်ရှုရတ်သာက လူ့အခွင့်အရေးအခြေခံစံနှုန်းများ၊ လွတ်လပ်ခွင့်နှင့် သာတူညီမျှရှိမှုများ၊ လူ့အခွင့်အရေးဆိုင်ရာ ပြဋ္ဌာန်းချက်များ အကြောင်းကို ဆွေးနွေးပို့ချပြီး မစ္စတာ သောမတ်အိုဟေး ကွင်တားနားက လူ့အခွင့်အရေး ဆိုင်ရာများနှင့် စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးပို့ချသည်။ **(အပေါ်ပုံ)**

ထို့နောက် သင်တန်းသား၊ သင်တန်းသူများက မစ္စတာ သောမတ် အိုဟေး ကွင်တားနားအား သိရှိလိုသည်များကို မေးမြန်းကြရာ မစ္စတာ သောမတ် အိုဟေး ကွင်တားနားက ပြန်လည်ဆွေးနွေးဖြေကြားခဲ့သည်။

(သတင်းစဉ်)

အရာထမ်းအခြေခံသင်တန်းဖွင့်

ရန်ကုန် ဩဂုတ် ၂၃

အရာထမ်းအခြေခံသင်တန်းအမှတ်စဉ် (၁၈၈) သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)အုန်းတောခန်းမ၌ ကျင်းပရာ ပါမောက္ခချုပ်ကိုယ်စား ဒုတိယပါမောက္ခချုပ် (စီမံခန့်ခွဲရေး)ဦးထွဏ်းကြည်က သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၁၁၉ ဦး တက်ရောက်ကြသည်။ (သတင်းစဉ်)

(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆိုင်းတစ်ဦးချင်းပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်များလေ့လာရန် တေးသီချင်းများ

(ယမန်နေ့မှအဆက်)

၁။ ဝါသနာရှင် (ပထမတန်း)အဆင့် (အမျိုးသား၊ အမျိုးသမီး)

(က)	သာဆန်းရဂုံဗွေ	(ပတ်ပျိုး)
(ခ)	ညာသပြေဘောင်	(ကြိုး)
(ဂ)	အထူးထူးငယ်နှင့်	(ပတ်ပျိုး)
(ဃ)	သောင်းရွှေလယ်	(ယိုးဒယား)
(င)	ဇမ္ဗူကျွန်းလုံး	(သီချင်းခံ)
(စ)	အောင်မင်္ဂလာ	(ယိုးဒယား)
(ဆ)	ဆဒ္ဒန်အိုင်သာ	(သီချင်းခံ)
(ဇ)	ရွှေပန်းပန်ငယ်နှင့်ကိုယ်တော်နှင်းနှံ့	(လေးထွေသံကတ်)

၂။ ဝါသနာရှင် (ဒုတိယတန်း)အဆင့် (အမျိုးသား၊ အမျိုးသမီး)

(က)	ချစ်သမ္မုကို	(ပတ်ပျိုး)
(ခ)	အမင်းမင်းခရ	(သီချင်းခံ)
(ဂ)	တောဟေဝန်လယ်	(ယိုးဒယား)

၃။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား၊ အမျိုးသမီး)

(က)	မင်းလမ်းစပ်ကာ	(ကြိုး)
(ခ)	ရေမီးထိန်လျက်	(ယိုးဒယား)
(ဂ)	ပြည်ပြည်မင်းပေါင်း	(သီချင်းခံ)

၄။ အခြေခံပညာ(၁၅-၂၀)အဆင့်(အမျိုးသား၊ အမျိုးသမီး)

(က)	အင်ကြင်းသရဖီ	(ယိုးဒယား)
(ခ)	နှစ်ကိုယ်သစ္စာ	(ပတ်ပျိုး)
(ဂ)	ရွှေပင်ရွှေဘုန်း ပပဝင်း	(ကြိုး)

၅။ အခြေခံပညာ(၁၀-၁၅)အဆင့်(အမျိုးသား၊ အမျိုးသမီး)

(က)	ဇေယျာမြို့	(ကြိုး)
(ခ)	ဘုန်းဆင့်ဆင့်တိုး	(ပတ်ပျိုး)
(ဂ)	လာချေပြီ	(မြင်းခင်းကြိုး)

၆။ အခြေခံပညာ(၅-၁၀)အဆင့်(အမျိုးသား၊ အမျိုးသမီး)

(က)	သာယာသာယာ	(ကြိုး)
(ခ)	ဘုံဆောင်မြင့်	(ကြိုး)
(ဂ)	ထွေတလာ	(ကြိုး)

(ဆက်လက်ဖော်ပြပါမည်)

ရန်ကုန်နှင့် မန္တလေး အဝေးသင်တက္ကသိုလ်တို့၏ အနီးကပ်သင်တန်းနှင့် အတန်းတင်စာမေးပွဲများ ကျင်းပရန် ထုတ်ပြန်ကြေညာ

နေပြည်တော် ဩဂုတ် ၂၃

၂၀၁၁ ပညာသင်နှစ် ရန်ကုန်အဝေးသင် တက္ကသိုလ်နှင့် မန္တလေးအဝေးသင် တက္ကသိုလ်တို့၏ အနီးကပ်သင်တန်းများ နှင့် အတန်းတင်စာမေးပွဲများကို အသုတ်သုံးသုတ်ခွဲ၍ ကျင်းပမည်ဖြစ်ရာ ပထမ အသုတ်အဖြစ် ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ် သိပ္ပံအထူးပြုအားလုံး၏ အတန်းတင် စာမေးပွဲကို ၂၀၁၁ ခုနှစ် အောက်တိုဘာ ၄ ရက်မှ ၁၁ ရက်အထိ လည်းကောင်း၊ ဒုတိယအသုတ်အဖြစ် ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ် အင်္ဂလိပ်စာ၊ ပထဝီဝင်၊ ဒဿနိကဗေဒ၊ စိတ်ပညာ၊ အရှေ့တိုင်းပညာနှင့် ဥပဒေပညာ၊ စတုတ္ထနှစ် ဥပဒေပညာတို့၏ အနီးကပ်သင်တန်းများကို ၂၀၁၁ ခုနှစ် အောက်တိုဘာ ၁၄ ရက်မှ ၂၃ ရက်အထိ ပို့ချမည်ဖြစ်ပြီး အတန်းတင် စာမေးပွဲကို အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၃ ရက် အထိလည်းကောင်း၊ တတိယအသုတ်အဖြစ် ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ် မြန်မာစာ၊ မြန်မာမှု၊ ရသစာပေ၊ သမိုင်း၊ စီးပွားရေးပညာ၊ ပြည်သူ့ရေးရာ၊ အိမ်တွင်းစီးပွားနှင့် စီးပွားစီမံတို့၏ အနီးကပ်သင်တန်းများကို ၂၀၁၁ ခုနှစ် နိုဝင်ဘာ ၇ ရက်မှ ၁၇ ရက်အထိ ပို့ချမည်ဖြစ်ပြီး အတန်းတင် စာမေးပွဲကို နိုဝင်ဘာ ၂၁ ရက်မှ ၂၈ ရက်အထိလည်းကောင်း သတ်မှတ်ထားကြောင်း၊ အသေးစိတ်အချိန်ဇယားများကို ရန်ကုန်နှင့် မန္တလေး အဝေးသင်တက္ကသိုလ်ဌာနခွဲများ၌ ဆက်လက်ထုတ်ပြန်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၃-၈-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၂၉. ၈၃၅၀	၀. ၀၃၃၅၂
တရုတ် (ယွမ်)	၆. ၄၀၀၁၄	၀. ၁၅၆၂၅
အိန္ဒိယ (ရူပီး)	၄၅. ၆၃၀၀	၀. ၀၂၁၉၂
မလေးရှား (ရင်းဂစ်)	၂. ၉၆၆၀၀	၀. ၃၃၇၁၅
စင်ကာပူ (ဒေါ်လာ)	၁. ၂၀၄၅၅	၀. ၈၃၀၁၈
ဂျပန် (ယန်း)	၇၆. ၅၅၁၇	၀. ၀၁၃၀၆
တောင်ကိုရီးယား(ဝမ်)	၁၀၇၉. ၀၁	၀. ၀၀၀၉၃
ယူရို	၀. ၆၉၁၉၂	၁. ၄၄၅၂၆
ဗြိတိသျှ (ပေါင်)	၀. ၆၀၆၀၄	၁. ၆၅၀၀၇

အင်တာနက်။

မြောင်မြို့ အထက အာစရိယပူဇော်မည်

နေပြည်တော် ဩဂုတ် ၂၃

မြောင်မြို့ အထက၌ ပညာသင်ကြားခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ်မြောက် အသက် (၆၅)နှစ်နှင့်အထက် ဆရာကြီး၊ ဆရာမကြီး များအား ပူဇော်ကန်တော့ပွဲကို စက်တင်ဘာ ၁၂ ရက် (တနင်္လာနေ့)တွင် ယင်းကျောင်း ရာပြည့်ခန်းမ၌ ကျင်းပ မည်ဖြစ်ရာ ရပ်နီးရပ်ဝေးမှ တပည့်များ တက်ရောက်ရန်နှင့် အလှူငွေများ ထည့်ဝင်လိုပါက ရန်ကုန်မြို့ ဦးမြင့်နိုင် ဖုန်း-၀၁-၃၃၄၆၄၂၊ သန်လျင် ဦးဝင်းလွင် ဖုန်း-၀၉-၅၀၂၉၄၇၈၊ မန္တလေးမြို့ ဦးလှမြင့် ဖုန်း-၀၉-၂၀၀၂၅၀၄၊ ဦးစိန်ဝင်း ဖုန်း-၀၂-၃၃၉၀၅၊ မြောင်မြို့ ဦးစိန် ဖုန်း-၀၇၁-၄၃၀၄၅ နှင့် ဦးချစ်ဆွေ ဖုန်း-၀၇၁-၄၃၀၅၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စတာ သောမတ် အိုဟေး ကွင်တားနားနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၃

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စတာ သောမတ် အိုဟေး ကွင်တားနားနှင့်အဖွဲ့အား လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှု ကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်၊ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၊ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီနှင့် ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီတို့မှ အဖွဲ့ဝင်များ တက်ရောက်ကြသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၄-၈-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
၅း၂၀ MRTV-4 သတင်း
၅း၅၀ "လမ်းမှန်ကိုသာရွေးချယ်ပါ" တရားတော် (ဆရာတော်အရှင်အဂ္ဂသိရီ)
၆း၃၅ အဓိဋ္ဌာန်ပြုကာဆုတောင်းခြွေမည် ဦးရာဇ်တော်စေတီ
၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁၀၅)**
၇း၃၀ MRTV-4 သတင်း
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၄၇)**
၈း၅၅ Activities in The City
၉း၀၅ ဆံကေသာအလှ AQUOS မှ. . .
၉း၂၀ "သဘင်အစွမ်း၊ မိုးဆန်းပန်း" (ဇာတ်သဘင်အဖွဲ့ စာနယ်ဇင်း မိတ်ဆက်ပွဲ)
၉း၄၀ အားကစားမြင်ကွင်းစုံ
၁၀း၁၅ နွေမိုးဆောင်းရာသီများအတွက် အဝတ်ခြောက်စက်
၁၀း၃၀ ခါတ်ပုံထဲမှအမှတ်တရများ(ဒီလွှန်)
၁၁း၀၅ သင်ယူလေ့လာဂီတပညာ
၁၁း၂၀ ရန်ကုန်မြင်ကွင်းကျယ်
၁၁း၃၅ MRTV-4 ကာတွန်းအစီအစဉ်
၁၂း၀၅ ချောက်မြို့နှင့် (၄)မိုင်အကွာ
၁၂း၂၅ အနုပညာရပ်ဝန်းမှရင်ခုန်သံများ (ကိုယ့်သမိုင်းကိုယ်ရေးကြသူများ)
၁း၀၀ "လမ်းမှန်ကိုသာရွေးချယ်ပါ" တရားတော် (ဆရာတော်အရှင်အဂ္ဂသိရီ)
၂း၀၀ MRTV-4 သတင်း
၂း၂၀ စကားနပန်း
၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁၀၅)**
၄း၀၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်"(အပိုင်း-၄၇)**
၅း၀၅ STUDY ABROAD
Information Centre မှ အင်္ဂလန်နှင့်အိုင်ယာလန် တက္ကသိုလ်များ၏ ပညာရေးဆွေးနွေးပွဲ
၅း၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၆း၀၀ MRTV-4 သတင်း
၆း၂၀ သင်ကြားရေးလမ်းညွှန်
၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁၀၆)**
၇း၂၀ Cartoon Show Time(HOP)
၈း၀၀ MRTV-4 သတင်း
၈း၃၀ "ဖုန်းဘီလ်ကိစ္စ . . . စိတ်သာချ . . . စီးပွားဘဏ်မှာဆောင်လို့ရ"
၈း၄၅ Celebrity Style
၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၄၈)**
၁၀း၂၅ Industrial Talk
၁၀း၅၅ နေချင်စဖွယ်အိမ်အလှဆင်ကြမယ်
၁၁း၃၀ World of Knowledge
၁၂း၂၀ အဖိုးတန်ဆေးဖက်ဝင် မြန်မာ့တိုင်းရင်းဆေးဥယျာဉ်
၁၂း၃၅ Box Office Movies (Avator)
၁၂း၅၅ သူတို့ငါးယောက်ရှိရာ သရေခေတ္တရာ
၁း၁၀ လှပချစ်စရာလက်မှုအနုပညာ
၁း၃၅ **သတင်းကောင်း** (သျှားညို၊ ဆုပန်ထွာ၊ ပွင့်) (ဒါရိုက်တာ-ညိုမင်းလွင်)
၁း၅၅ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင်
၂း၁၅ ရွှေဖြစ်မည့် ရတနာအစစ်
၂း၂၅ စွဲမက်ဖွယ်ရာရတနာ
၂း၅၀ မြန်မာ့ဂုဏ်ကိုဆောင်စေကြောင်း မြန်မာ့တူရိယာစောင်း
၃း၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၀၀ လွှမ်းတင်သည့်ကြိုး
၄း၂၀ သဘာဝအလှရတနာသစ်ခွကမ္ဘာ
၄း၃၀ ဗဟုသုတများစုဆောင်းရာ Knowledge Bank
၄း၄၅ ကံကူထွက်ခေါင်ပိတ်ချင်းမြောင်
၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ရင်းရင်းနှီးနှီး နှုတ်ဆက်

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း လူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စတာ သောမတ် အိုဟေး ကွင်တားနားအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပို့ဆောင်နှုတ်ဆက်

ကိုရီးယားသမ္မတနိုင်ငံတွင် ဩဂုတ် ၂၂ ရက်မှ ၃၀ ရက်အထိ ကျင်းပမည့် ပထမအကြိမ် အာရှလူငယ်ယဉ်ကျေးမှုပွဲတော်သို့ တက်ရောက်ရန် ထွက်ခွာသွားသော ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန အနုပညာအထက်တန်းကျောင်း (ရန်ကုန်)မှ မောင်ရဲသူ (တတိယနှစ်-ပန်းချီ)နှင့် အနုပညာအထက်တန်းကျောင်း(မန္တလေး)မှ မောင်ဇင်မင်းထက် (တတိယနှစ်-အက) တို့အား အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ တာဝန်ခံ ပါမောက္ခချုပ် ဦးကျော်ဦးနှင့်အဖွဲ့ ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ လွှတ်တော်ကိုယ်စားလှယ်များနှင့် လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စတာ သောမတ် အိုဟေး ကွင်တားနားနှင့်အဖွဲ့ တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၃

ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ လွှတ်တော်ကိုယ်စားလှယ်များနှင့် လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စတာ သောမတ် အိုဟေး ကွင်တားနားနှင့်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိ အစည်းအဝေးဆောင် ဧည့်ခန်းမ၌ တွေ့ဆုံကြသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင်ပြည်နယ် (စဒက)၊ ကရင်ပြည်နယ် ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ "ဝ" ဒီမိုကရက်တစ်ပါတီ၊ ချင်းတိုးတက်ရေးပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီ၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ ကရင်ပြည်သူ့ပါတီ၊ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ၊ ချင်းအမျိုးသားပါတီ၊ တအာင်း(ပလောင်) အမျိုးသားပါတီ၊ ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ၊ ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ၊ အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီနှင့် တစ်သီးပုဂ္ဂလတို့မှ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ဖြစ်ကြသည့် ဦးသူရိန်ဇော်၊ ဦးခက်ထိန်နန်၊ ဦးမန်းအောင်တင်မြင့်၊ ဦးဆိုင်ပေါင်းနပ်၊ ဦးခွန်လိန်း၊ ဦးဘရန်ရှောင်၊ ဦးနယ်လ်ဆင်(ခ)ဦးဆောင်ဆီ၊ ဒေါက်တာသန်းဝင်း၊ ဦးညွန့်တင်၊ ဦးနေဝင်းထွန်း၊ ဦးစောနေကော်ကြီး၊ ဦးစခုန်တိန့်ယိန်း၊ ဒေါက်တာဗညားအောင်မိုး၊ ဒေါ်ဇာတလဲမ်း၊ ဦးအိုက်မုန်း၊ ဒေါ်နန်းစေအွာ၊ ဦးအောင်ထွန်းသာ၊ ဦးဝင်းဆွေနှင့် ဦးသိန်းညွန့်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ လွှတ်တော်ကိုယ်စားလှယ်များနှင့် လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စတာ သောမတ် အိုဟေး ကွင်တားနားနှင့် အဖွဲ့တို့ နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိ အစည်းအဝေးဆောင် ဧည့်ခန်းမ၌ တွေ့ဆုံကြစဉ်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ အတွင်းရေးမှူး ဦးမောင်တိုး ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ အစီရင်ခံစာကို တင်ပြစဉ်။
(သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။
(သတင်းစဉ်)

※ ရှေ့ဖုံးမှ

ယနေ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့သို့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၈၈ ဦးတို့ တက်ရောက်ကြသည်။

ယနေ့ အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်သုံးဦးက ပညာရေးကဏ္ဍဆိုင်ရာ မေးခွန်းလေးခုကို မေးမြန်းခဲ့ရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက ပြန်လည်ဖြေကြားသည်။

ထိုသို့ ဖြေကြားရာတွင် လှိုင်သာယာမဲဆန္ဒနယ်မှ ဦးဉာဏ်ဝင်း၏ **လှိုင်သာယာမြို့နယ်အတွင်း အချို့မူလတန်းကျောင်းများမှာ အုတ်နံရံ၊ ကြမ်းခင်းများ ပျက်စီးနေသောကြောင့် ပြင်ဆင်ပေးရန်နှင့် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ အချို့သော အခြေခံပညာမူလတန်းကျောင်းများအား ကျောင်းဆောင်သစ်များ တိုးချဲ့ဆောက်လုပ်ပေးရန်** မေးခွန်းများနှင့် စပ်လျဉ်း၍ လှိုင်သာယာမြို့နယ်အတွင်း အခြေခံပညာကျောင်းများကို ၁၉၉၉-၂၀၀၀ ဘဏ္ဍာရေးနှစ်မှစ၍ နှစ်စဉ်ရန်ပုံငွေများ ခွဲဝေချထား၍ ပြင်ဆင်ပေးခဲ့ပြီး နှစ်စဉ်တိုးချဲ့ဆောင်များ ဆောက်လုပ်ပေးလျက်ရှိကြောင်း၊ ပြန်လည်ပြင်ဆင်ရန်၊ အသစ်ပြန်လည် ဆောက်လုပ်ရန်နှင့် တိုးချဲ့ဆောက်လုပ်ရန်လိုအပ်သော အခြေခံပညာကျောင်းများကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း ကွင်းဆင်းစိစစ်တွက်ချက်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ဒေါပုံမဲဆန္ဒနယ်မှ ဦးလှမြင့်၏ **ယခင်ပညာရေးဝန်ကြီးဌာနက သုတေသနပညာသင်ထောက်ပံ့ကြေး (Research Stipend)ကို ပြန်လည်ချီးမြှင့်ရန်** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်တွင်းပညာသင်ဆုများနှင့် ပညာသင်ထောက်ပံ့ကြေးများ၊ သုတေသနရန်ပုံငွေများဖြင့် ပညာရေးကဏ္ဍမြင့်မားရေးနှင့် ထူးချွန်ထက်မြက်သော ပညာရှင်များပေါ်ထွန်းလာရေးအတွက် ဆောင်ရွက်လျက်ရှိသကဲ့သို့ ပါရဂူဘွဲ့၊ မဟာဘွဲ့၊ သုတေသနသင်တန်းသား၊ Training သင်တန်းသား၊ Study Tour နှင့် ဆွေးနွေးပွဲ တက်ရောက်သူ စုစုပေါင်း ၁၂၀၉ ဦးတို့အား ပြည်ပသို့ စေလွှတ်ပြီးဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာပညာသင်ဆုများ၊ ပြည်တွင်းပညာသင်ဆုများနှင့် ပညာသင်ထောက်ပံ့ကြေးများကို ပိုမိုချီးမြှင့်သွားရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

တိုက်ကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဟန်စိန် မေးမြန်းစဉ်။
(သတင်းစဉ်)

ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ဦးသန်းစိန်၏ **ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင် တစ်ဖက်ကမ်းတွင် လိုအပ်လျက်ရှိသော အခြေခံပညာအထက်တန်းကျောင်း တစ်ကျောင်း အသစ်ဖွင့်လှစ်ပေးရန်** မေးခွန်းနှင့် စပ်လျဉ်း၍ ကြည့်မြင်တိုင်မြို့နယ် တစ်ဖက်ကမ်းရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) စက်ကလေး၌ လက်ရှိကျောင်းဆောင်များအရ ကျောင်းသား ကျောင်းသူများ လုံလောက်စွာသင်ကြားနိုင်သော အနေအထားရှိပါကြောင်း၊ အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်နိုင်ရေးအတွက် သတ်မှတ်ထားသည့် အချက်အလက်များဖြင့် အထက်အဖွဲ့အစည်းအဆင့်ဆင့်သို့ တင်ပြဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ်လေးဦးက လမ်းပန်းဆက်သွယ်ရေးကဏ္ဍဆိုင်ရာ မေးခွန်းငါးခုကို မေးမြန်းခဲ့ရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က ပြန်လည်ဖြေကြားသည်။

ထိုသို့ဖြေကြားရာတွင် သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ဦး၏ **သန်လျင်မြို့နယ် သူငွေးကွင်းရွာနှင့် ခရမ်းမြို့နယ် မောင်းမရွာသို့ ဖောက်လုပ်ထားသည့် ကျောက်နှင့်မြေသားလမ်း ၁၈ မိုင်အား အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန်** မေးခွန်းနှင့်စပ်လျဉ်း၍ သူငွေးကွင်း-ပုဂံတောင်- ဖားကူး-မောင်းမလမ်း ဆက်သွယ်သွားလာမှု မပြတ်တောက်စေရေးနှင့် သွားလာမှုလွယ်ကူစေရန်အတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေနှင့် တိုင်းဒေသကြီး၏ သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေတို့တွင် လျာထားတင်ပြ တောင်းခံ၍ ခွဲဝေရန်ပုံငွေရရှိမှု အရ လမ်း/တံတားများအား အဆင့်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

တိုက်ကြီးမဲဆန္ဒနယ်မှ ဦးဟန်စိန်၏ **တိုက်ကြီးမြို့နယ်၊ ထန်းတပင်မြို့နယ်၊ မှော်ဘီမြို့နယ်များသို့ ဆက်သွယ်ထားသော ဂဝံလမ်း စုစုပေါင်းလမ်းမိုင် ၂၉ မိုင် ၂ ဖာလုံကို ကတ္တရာလမ်းသို့ အဆင့်မြှင့်တင်ပေးရန်** မေးခွန်းနှင့် စပ်လျဉ်း၍ ရွာသာရွာမှ တော်လတီ-ရေပေါ်သောင်-မြို့ချောင်းသို့သွားသော ကားလမ်းအား ပထမအဆင့် အမာခံကျောက်လမ်းအဖြစ် ဆောင်ရွက်နိုင်ရန်နှင့် သစ်သားတံတားများကို သံကူကွန်ကရစ်တံတားများအဖြစ် အဆင့်မြှင့်တင်နိုင်ရန်အတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေနှင့် တိုင်းဒေသကြီး၏ သာမန်ပြင်ဆင် ထိန်းသိမ်းခြင်း ရန်ပုံငွေတို့တွင် လျာထားတင်ပြတောင်းခံ၍ ခွဲဝေရန်ပုံငွေ ရရှိမှုအရ အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

မှော်ဘီမဲဆန္ဒနယ်မှ ဦးကြည်မြင့်၏ **ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်အတွင်းရှိ တိုက်ကြီးမြို့နယ်နှင့် ထန်းတပင်မြို့နယ်များသို့ ဆက်သွယ်သော အရှည် ၂ ဒသမ ၅ မိုင်ရှိ ကျောက်ကြမ်းလမ်းအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန်** မေးခွန်းနှင့်စပ်လျဉ်း၍ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ပွင့်လင်းရာသီတွင် ၂ မိုင် ၅ ဖာလုံ လမ်းပိုင်းအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်ရန် စီစဉ်ထားပြီးဖြစ်ကြောင်း၊ ၂၀၁၁ ခုနှစ် ဒီဇင်ဘာလကုန်တွင် ဆောင်ရွက်နိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး၏ သာမန်ပြင်ဆင် ထိန်းသိမ်းခြင်းရန်ပုံငွေ၌ လျာထားပါဝင်ပြီးဖြစ်ပါကြောင်း။

နောင်ချိုမဲဆန္ဒနယ်မှ ဦးကျော်မြင့်၏ **တောင်ရိုး ခနေတိုင်းရင်းသားများနေထိုင်ရာ နောင်ချို၊ တောင်ခမ်း၊ အင်တော၊ ကျောက်ဂူ၊ ရပ်စောက်၊ တောင်ကြီး မော်တော်ကားလမ်းကို ကားကြီး၊ ကားသေးသွားနိုင်သည့် ကတ္တရာလမ်းအဖြစ် ပြုပြင်ပေးပါရန်နှင့် မန္တလေး-လားရှိုးလမ်းမပေါ်ရှိ အုမ္မသီးကျေးရွာမှ မိုင် ၂၀ ကွာဝေးသော ဟိုခိုကျေးရွာအထိ ကျောက်ကြမ်းလမ်း ၁၄ မိုင်အား ကတ္တရာလမ်းခင်းပေးရန်** မေးခွန်းများနှင့်စပ်လျဉ်း၍ ရွှေညောင်- ရပ်စောက်- ကျောက်ဂူ- တောင်ခမ်း- နောင်ချိုလမ်းရှိ အတက်အဆင်းမတ်စောက်သည့် ဒုဋ္ဌဝတီတံတား ချဉ်းကပ်လမ်းကို လမ်းသားနှိမ့်ချခြင်း၊ လမ်းကျဉ်းနေရာများကို ပျမ်းမျှ ၃၄ ပေအကျယ် လမ်းချဲ့ခြင်းနှင့် အမာခံလမ်းမှ ကျောက်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဦးစားပေးလျာထားပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင်လည်း ငွေလုံးငွေရင်းနှင့် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေတို့ကို တင်ပြတောင်းခံ၍ ရန်ပုံငွေခွဲဝေရရှိမှုအရ လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အုမ္မသီးကျေးရွာမှ ဟိုခိုကျေးရွာအထိ မိုင် ၂၀ ကွာဝေးသော လမ်းပိုင်း၌ ၂၀၁၀-၂၀၁၁ ခုနှစ်အထိ ကတ္တရာလမ်းအဖြစ် (၇)မိုင်ဆောင်ရွက်ပြီးဖြစ်ပြီး ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ဆဲ(၆)မိုင်ဖြစ်သည့်အတွက် ကျန် ကျောက်လမ်း(၇)မိုင်အား ကတ္တရာလမ်း အဆင့်မြှင့်တင်နိုင်ရန် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင်လည်း ငွေလုံးငွေရင်းနှင့် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေကို တင်ပြတောင်းခံ၍ ရန်ပုံငွေခွဲဝေရရှိမှုအရ လုပ်ငန်းများ တစ်ဆင့်ချင်း ဆောင်ရွက်သွားမည် ဖြစ်ကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

လက်မှတ်ရေးထိုး

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။
(သတင်းစဉ်)

ဆက်လက်၍ ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီအတွင်းရေးမှူး ဦးမောင်တိုးကတင်ပြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ၎င်းအစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်းနှင့် ယင်းအစီရင်ခံစာကို ဩဂုတ် ၂၆ ရက်တွင် ဆွေးနွေးအတည်ပြုမည်ဖြစ်ပြီး ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက ဩဂုတ် ၂၄ ရက် (ဗုဒ္ဓဟူးနေ့) နောက်ဆုံးထားပြီး အမည်စာရင်းပေးပို့ကြရန်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို ကော်မတီဥက္ကဋ္ဌ ဦးဝင်းစိန်က တင်ပြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ၎င်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်းနှင့် ယင်းအစီရင်ခံစာကို ဩဂုတ် ၂၄ ရက်တွင် ဆွေးနွေးအတည်ပြုမည်ဖြစ်ပြီး ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက ယနေ့ညနေပိုင်း၌ အမည်စာရင်းပေးပို့ကြရန်ဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် လသာမဲဆန္ဒနယ်မှ ဦးကြည်မြင့်က **"ရင်းနှီးမြှုပ်နှံမှုစရိတ် ကျဆင်းစေရန် သွင်းကုန်များနှင့် ပို့ကုန်တိုးတက်ပြီး စီးပွားရေးတိုးနှုန်း မြင့်မားမြန်ဆန်ရန် ပို့ကုန်ခွန်များကို လုံးဝဖယ်ရှားသွားရေး"** အဆိုနှင့် **"စီးပွားရေးနှီးဆွ ငွေကြေးကြိုတင်သုံးစွဲသမျှ ဘတ်ဂျက်ကာလတစ်ခုအတွင်း ပြန်လည်ဖြည့်တင်းသွားရန် စောင့်ကြည့်ထိန်းကျောင်း အဖွဲ့အစည်းတစ်ရပ် ထူထောင်လုပ်ကိုင်ရေး"**အဆို၊ ဗဟန်းမဲဆန္ဒနယ်မှ ဒေါက်တာမောင်မောင်ဝင့်က **"မြန်မာနိုင်ငံဆေးကောင်စီ (Myanmar Medical Council) အား အစိုးရမဟုတ်သော၊ လွတ်လပ်သော Professional Body အဖြစ် ရပ်တည်ခွင့်ပြုမိန့်"** အဆိုနှင့် **"ဆေးပညာရှင်များ ကာကွယ်ရေးအဖွဲ့ (Medical Protection Society) ဖွဲ့စည်းနိုင်ရေးအတွက် လိုအပ်သော ဥပဒေ၊ နည်းဥပဒေများ စီမံဆောင်ရွက်သင့်ကြောင်း"** အဆိုတို့ကို တင်သွင်းကြသည်။

ယင်းအဆိုများကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်သည့်အတွက် ယင်းအဆိုများကို ဩဂုတ် ၂၄ ရက် (ဗုဒ္ဓဟူးနေ့)တွင် ဆွေးနွေးမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ယနေ့ညနေပိုင်း၌ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ဆက်လက်၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက **"မြန်မာနိုင်ငံတော် အသေးစား ငွေရေးကြေးရေးလုပ်ငန်းဥပဒေကြမ်း"**ကို ပြည်သူ့လွှတ်တော်သို့တင်သွင်းရာ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီအဖွဲ့ဝင် ဒေါက်တာစိုးမိုးအောင်က ဖတ်ကြားရှင်းလင်းသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၆အရ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဩဂုတ် ၂၉ ရက် (တနင်္လာနေ့)တွင် ဆွေးနွေးမည်ဖြစ်ပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိဆွေးနွေးလိုသော "အပိုဒ်"ကို ဖော်ပြ၍ ဩဂုတ် ၂၅ ရက် နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ရပ်နားလိုက်သည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ကို ဩဂုတ် ၂၄ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

ရန်ကုန် ဩဂုတ် ၂၃

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Daewoo International Corporation (Myanmar E & P)သည် ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းဖွံ့ဖြိုးရေးလုပ်ငန်းဖြစ်သည့် ရခိုင်ကမ်းလွန်လုပ်ကွက် အမှတ် A3 တွင် ရေနံရှာဖွေရေးတွင်းများကို ရေနံတွင်းတူးစက် Semi-Sub Drilling Rig " Hakuryu -5" ဖြင့် တူးဖော်လျက်ရှိပြီး တူးဖော်ခဲ့သောတွင်းများတွင် တွင်းထိန်းကိရိယာများအား ၂၀၁၁ ခုနှစ် ဩဂုတ် ၃၀ ရက်မှ ၂၀၁၃ ခုနှစ် မေ ၁ ရက်အထိ တပ်ဆင်ထားမည်ဖြစ်သည်။

ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် A3 တွင် တူးဖော်ထားသော ရေနံတွင်းများ၏ အလယ်ဗဟိုချက် တည်နေရာမှာ တွင်းအမည် Well Centre မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၄ မိနစ် ၄၇ ဒသမ ၂၄၇၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၅ မိနစ် ၀၄ ဒသမ ၅၀၆၇ စက္ကန့်တွင် ဖြစ်သည်။

သို့ဖြစ်ပါ၍ ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် A3 အတွင်းရှိ ရေနံရှာဖွေရေးတွင်း မြ(မြောက်)တွင်းများတွင် တွင်းထိန်းကိရိယာများ တပ်ဆင်ထားစဉ်ကာလအတွင်း တွင်းများ၏ အလယ်ဗဟိုချက်တည်နေရာမှ မီတာ ၅၀၀ ပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန်ကြေညာထားပါ၍ တွင်းတည်နေရာမှ မီတာ ၅၀၀ ပတ်လည်အတွင်း သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်း မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက ထုတ်ပြန်ကြေညာထားသည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စတာ သောမတ်အိုပေး ကွင်တားနားနှင့် အဖွဲ့အားလက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၃

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ဧည့်ခန်းမ၌ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စတာ သောမတ် အိုပေး ကွင်တားနားနှင့် အဖွဲ့အားလက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၊ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးကော်မတီ၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ၊ အမျိုးသားစီမံကိန်း၊ စီးပွားရေး၊ ငွေရေးကြေးရေးနှင့် အခွန်အကောက်ဆိုင်ရာကော်မတီ၊ ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ၊ အမျိုးသမီးများနှင့် ကလေးသူငယ်ဆိုင်ရာကော်မတီ၊ ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီ၊ ကမ္ဘာ့ကုလသမဂ္ဂ၊ အာဆီယံ၊ AIPA နှင့် အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးကော်မတီနှင့် တောင်သူလယ်သမားနှင့် ပြည်တွင်းပြည်ပ အလုပ်သမားများဆိုင်ရာ ကော်မတီတို့မှ ဥက္ကဋ္ဌများ တက်ရောက်ကြသည်။ (သတင်းစဉ်)

ရင်းရင်းနှီးနှီး နှုတ်ဆက်

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် လူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စတာ သောမတ် အိုပေး ကွင်တားနားအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၄-၈-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ အင်္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈:၀၀ ၇။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၈:၁၀ ၈။ "သစ်ပင်သစ်တောများ"
- ၈:၂၅ ၉။ ၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) [ဝါသနာရှင် (ပထမတန်း) အဆင့်] (အမျိုးသား)
- ၈:၄၀ ၁၀။ International News
- ၈:၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ တေးဂီတအစီအစဉ်
- ၄:၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၄:၂၅ ၄။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
- ၄:၃၅ ၅။ သီးချင်းကြီးပဒေသာ
- ၄:၄၅ ၆။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (မြန်မာစာ၊ ရသစာပေ၊ အရှေ့တိုင်းပညာအထူးပြုများ) (ဒဿနိကဗေဒ)
- ၅:၀၀ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅:၀၅ ၈။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၅:၁၅ ၉။ ၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) [ဝါသနာရှင် (ပထမတန်း) အဆင့်] (အမျိုးသား)
- ၅:၃၀ ၁၀။ ဆိုကြပျော်ရွှင်တေးသံစဉ်
- ၆:၀၀ ၁၁။ ညနေခင်းသတင်း
- ၆:၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၃။ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
- ၆:၃၅ ၁၄။ ရွှေရင်ခုန်သံ
- ၆:၅၅ ၁၅။ "(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အကြိုပြင်ဆင်မှုများ" (ရေကူး)
- ၇:၁၅ ၁၆။ မြန်မာ့ယဉ်ကျေးမှု အကအလှများ
- ၇:၂၀ ၁၇။ "နိုင်ငံ့ဝင်ငွေတိုးတက်ဖွေရှာ ရေထဲကမြန်မာ့ပုလဲရတနာ"
- ၇:၃၅ ၁၈။ အေဝမ်းစိုးမြင့် ဝိုင်းသံစုံတူရိယာဖျော်ဖြေခန်း
- ၈:၀၀ ၁၉။ ပြည်တွင်းသတင်း
- ၂၀။ နိုင်ငံတကာသတင်းများ
- ၂၁။ မိုးလေဝသအခြေအနေ
- ၂၂။ "ပျော်ရွှင်ရင်ခုန်ပြကွက်စုံ"
- ၂၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာလွှမ်းသောမေတ္တာ" (အပိုင်း-၈၇)**
- ၂၄။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ "ဇာတ်တော်ကြီးပြိုင်ပွဲ" "ဥဂ္ဂသေနဇာတ်တော်ကြီး" (ဒုတိယဆု) (မန္တလေးတိုင်းဒေသကြီး) (ပထမပိုင်း)
- ၂၅။ အစီအစဉ်ပြီး၏။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးအား လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စတာ သောမတ်အိုပေး ကွင်တားနားနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးအား လူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စတာ သောမတ်အိုပေး ကွင်တားနားနှင့်အဖွဲ့ နေပြည်တော်ရှိ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး၌ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၂၃

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးအား လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စတာ သောမတ်အိုပေး ကွင်တားနားနှင့် အဖွဲ့သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၌ လာရောက်တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့်အတူ ကော်မရှင်အဖွဲ့ဝင်များ စုံညီစွာ တက်ရောက်ကြပြီး ရွေးကောက်ပွဲဆိုင်ရာကိစ္စများနှင့် နိုင်ငံရေးပါတီဆိုင်ရာကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ (သတင်းစဉ်)

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း မဟာဓာတ်အားလိုင်းတည်ဆောက်ရေးလုပ်ငန်း ကျွမ်းကျင်မှုဆိုင်ရာမွမ်းမံသင်တန်း အမှတ်စဉ်(၂/၂၀၁၁)သင်တန်းဖွင့်ပွဲ ကျင်းပ

နေပြည်တော် ဩဂုတ် ၂၃

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးသည် ဩဂုတ် ၂၂ ရက် နံနက် ၉ နာရီ ၄၅ မိနစ်တွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်အတွင်းရှိ ၂၃၀ ကေဗွီ ဘဲလင်းပင်မဓာတ်အားခွဲရုံ၌ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းက ကြီးမှူးဖွင့်လှစ်သော မဟာဓာတ်အားလိုင်းတည်ဆောက်ရေးလုပ်ငန်း ကျွမ်းကျင်မှုဆိုင်ရာမွမ်းမံသင်တန်း အမှတ်စဉ်(၂/၂၀၁၁) သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းသို့ ဌာနတွင်း အင်ဂျင်နီယာဝန်ထမ်းများနှင့် မဟာဓာတ်အားလိုင်းလုပ်ငန်းများတွင် ပူးတွဲပါဝင်တည်ဆောက်လျက်ရှိသော ကုမ္ပဏီများမှဝန်ထမ်းများ စုစုပေါင်း သင်တန်းသား ၄၁ ဦးတို့ တက်ရောက်ကြကြောင်းနှင့် သင်တန်းကာလမှာရက်သတ္တနှစ်ပတ်ကြာမြင့်မည်ဖြစ်သည်။ (သတင်းစဉ်)

အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံ မကွေးဇုန်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၂၃

၂၀၁၀-၂၀၁၁ ပညာသင်နှစ် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံ မကွေးဇုန်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၂ ရက် ညနေ ၃ နာရီခွဲတွင် မကွေးခရိုင်အားကစားကွင်း၌ ကျင်းပရာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဖိတ်ကြားထားသော တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မကွေးခရိုင်နှင့်မြို့နယ် အုပ်ချုပ်ရေးမှူးများ၊ ဘောလုံးဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အဆိုပါပြိုင်ပွဲသို့ မကွေးတက္ကသိုလ်၊ ပခုက္ကူတက္ကသိုလ်နှင့် ရေနံချောင်းဒီဂရီကောလိပ်တို့မှ ဘောလုံးအသင်းများ ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို ဩဂုတ် ၂၆ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

တစ်နိုင်ငံလုံးအတွက် ငါးမျိုးစိုက်ထည့်ရန် ငါး၊ ပုစွန်သားပေါက်များ မွေးမြူထား

ရန်ကုန် ဩဂုတ် ၂၃

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး၊ သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ငါးသယံဇာတထိန်းသိမ်းရေးကို ရည်ရွယ်ကာ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် တစ်နိုင်ငံလုံးရှိ ငါးလုပ်ငန်းစခန်းများမှ ယခုနှစ်တွင် မျိုးငါး၊ ပုစွန်သားပေါက်ကောင်ရေ သိန်းပေါင်း ၈၂၂၀ မွေးမြူထုတ်လုပ်ပြီး ငါးသားပေါက်ကောင်ရေ သိန်းပေါင်း ၃၅၃၀ ကို ဆည်တမံများ၊ မြစ်ချောင်းအင်းအိုင်များ၊ ကန်များ၊ သဘာဝရေပြင်များ၊ စပါးစိုက်ခင်းများအတွင်း ငါးမျိုးစိုက်ထည့်ပေးရန် စီစဉ်ထားကြောင်း သိရသည်။ (ကိုချစ်)

ငါးရစ်ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း

နိုင်ငံတကာသတင်းများ

နိုင်ငံတကာသတင်းများ

နိုင်ငံတကာသတင်းများ

မကောင်းဆိုးဝါး ကောလာဟလ သီရိလင်္ကာနိုင်ငံ၌ ပျံ့နှံ့

ကိုလံဘို ဩဂုတ် ၂၃

ပြီးခဲ့သည့် ရက်သတ္တနှစ်ပတ်ခန့်က အစပြု၍ သီရိလင်္ကာနိုင်ငံ ကျေးလက်ဒေသများ၌ ချောဆီသုတ် မကောင်းဆိုးဝါးများဟူ၍ လူသိများသော ညလူများနှင့်ပတ်သက်၍ ကောလာဟလများ ပျံ့နှံ့ခဲ့ရာ ကြောက်ရွံ့မှုအရင်းခံသည့် အကြမ်းဖက်မှုများကြောင့် လူငါးဦး သေဆုံးပြီး ငါးဦးဒဏ်ရာရခဲ့ကြောင်း သိရသည်။

အစဉ်အလာအားဖြင့် အတွင်းခံများ သာဝတ်ဆင်၍ ဖမ်းချုပ်ခြင်းမပြုနိုင်အောင် တစ်ကိုယ်လုံး ချောဆီများ သုတ်ထားတတ်သော စောရများအား ချောဆီသုတ် မကောင်းဆိုးဝါးအဖြစ် သတ်မှတ်ထားကြသည်။

သို့ရာတွင် ယနေ့ခေတ် ထွက်ပေါ်လာသော ကောလာဟလများအရ ချောဆီသုတ်မကောင်းဆိုးဝါးများသည် အမျိုးသမီးများအား အဓိကထား၍ အလစ်ဝင်ရောက် တိုက်ခိုက်တတ်သူများအဖြစ် ထင်ရှားလျက်ရှိသည်။

ဩဂုတ် ၂၁ ရက်က သီရိလင်္ကာနိုင်ငံသား တောသူတောင်သားများသည် ချောဆီသုတ် မကောင်းဆိုးဝါးအဖြစ် ယူဆရသူတစ်ဦးအား လိုက်လံဖမ်းဆီးစဉ် ရဲတပ်ဖွဲ့ဝင်များနှင့် ပဋိပက္ခဖြစ်ပွားခဲ့ရာ ရဲတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ချောဆီသုတ် မကောင်းဆိုးဝါး ကောလာဟလသည် တောသူတောင်သားများ၏ ရိုးရာယုံကြည်မှု အစွဲအလမ်းများအား ခုတုံးလုပ် ဖန်တီးသော ရာဇဝတ်ကောင်များသာဖြစ်ကြောင်း သီရိလင်္ကာ အစိုးရက ပြောကြားခဲ့သည်။

အင်တာနက်။

အမေရိကန်ပြည်ထောင်စု အာရှအသင်းက ကျင်းပသော ပါကစ္စတန်၏ ဗုဒ္ဓအမွေအနှစ် (ဂန္ဓာရခေတ် အနုပညာ) ပြပွဲ၌ ပြသထားသော ဗုဒ္ဓရုပ်ပွားတော်တစ်ဆူကို တွေ့ရစဉ်။

နယူးယောက်မြို့၌ ကျင်းပသော ဂန္ဓာရခေတ် အနုပညာပြပွဲ ပရိသတ်နှင့် သတင်းမီဒီယာများ လှိုက်လှဲစွာအားပေး

နယူးယောက် ဩဂုတ် ၂၃

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့တော်ရှိ အာရှအသင်းပြတိုက်သည် ပါကစ္စတန်နိုင်ငံ၏ ဂန္ဓာရခေတ် အနုပညာလက်ရာများအား ပြသလျက်ရှိရာ ပြပွဲသို့ လာရောက်လေ့လာကြည့်ရှုကြသူ ပရိသတ်များနှင့် သတင်းမီဒီယာများ၏ အားတက်သရောအားပေးမှုကို ရရှိခဲ့ကြောင်း ဩဂုတ် ၂၁ ရက် သတင်းများတွင် ဖော်ပြသည်။

ပါကစ္စတန်၏ ဗုဒ္ဓအမွေအနှစ်(ဂန္ဓာရခေတ်အနုပညာ)ဟူ၍ အမည်ပေးထားသော အဆိုပါပြပွဲ၌ ဂန္ဓာရခေတ် အနုလက်ရာ ဗုဒ္ဓဆင်းတုတော်များအပြင် ဟိန္ဒူနတ်ဘုရားရုပ်တုများနှင့် ဂရိနတ်ဘုရားတို့၏ ရုပ်တုများကိုပါ ပြသထားရာ ပါကစ္စတန်နိုင်ငံ၌ ဗဟုယဉ်ကျေးမှု ပွားစီးခဲ့သည့် ရှေးခေတ်အား ပြန်ပြောင်းသတိရနိုင်မည်ဖြစ်သည်။

နယူးယောက်မြို့ အာရှအသင်းပြတိုက်၌အောက်တိုဘာ ၃၀ ရက်အထိ ခင်းကျင်းပြသသွားမည့် ဂန္ဓာရခေတ် အနုပညာပြပွဲသည် ၁၉၆၀ ခုနှစ်နောက်ပိုင်း အမေရိကန်ပြည်ထောင်စုတွင် ပထမဆုံး ပြသနိုင်ခဲ့သော ပြပွဲကြီးဖြစ်သည်။

- အစဉ်အလာဖြစ် -

ဗုဒ္ဓဘုရားရှင်နှင့် ဗောဓိသတ္တယုံကြည်မှုအား အနုပညာလက်ရာအဖြစ် ဖော်ကျူးဖန်တီးမှုသည် ဂန္ဓာရခေတ်ယဉ်ကျေးမှု၏ ပင်မအနုပညာ အစဉ်အလာဖြစ်သည်။ ဂန္ဓာရခေတ်အနုပညာပြပွဲ၏ ဗုဒ္ဓဘုရားရှင်နှင့် ဗောဓိသတ္တများဟူသော ပြခန်း၌ ဂန္ဓာရခေတ်ကာလအတွင်း အနုပညာအာရုံခံစားမှုအမျိုးမျိုးဖြင့် ဖော်ကျူးဖန်တီးခဲ့သည့် ဗုဒ္ဓဘုရားရှင်နှင့် ဗောဓိသတ္တယုံကြည်မှုတို့ကို သင်္ကေတပြုထားသော အနုလက်ရာများအား ပြသထားသည်။

- ဖန်တီးနိုင်ခဲ့ -

ပါကစ္စတန် အနောက်မြောက်ဘက် ပက်ရှ်ဝါမြို့၊ အာဖဂန်နစ္စတန်အရှေ့ပိုင်းဒေသများ၊ ဟိန္ဒူကွတ်ရှ်တောင်တန်းဒေသနှင့် အိန္ဒိယမြောက်ပိုင်းအထိ ကျယ်ပြန့်သော ဂန္ဓာရတိုင်းသည် ဘီစီ ငါးရာစုမှသည် အေဒီ ၁၀ ရာစုအထိ ဖွံ့ဖြိုးစည်ပင်ခဲ့သည့် တိုင်းကြီးတစ်တိုင်းဖြစ်ခဲ့သည်။ ဘီစီ ၂ ရာစု နှင့် အေဒီ ၁၁ ရာစုအကြား ကာလများတွင် ဂန္ဓာရတိုင်း၌ ဗုဒ္ဓဘာသာ ထွန်းကားခဲ့ပြီး ဗုဒ္ဓဘာသာဆိုင်ရာ အနုလက်ရာအမျိုးမျိုးကို ဖန်တီးနိုင်ခဲ့သည်။ နယူးယောက်မြို့ အာရှအသင်း၌ ပြသထားသော ဂန္ဓာရခေတ် အနုလက်ရာများကို ပါကစ္စတန်နိုင်ငံ ကရာချိမြို့နှင့် လာဟိုးမြို့များရှိ ပြတိုက်များမှ ခေတ္တငှားယူပြသခြင်းဖြစ်သည်။ **အင်တာနက်။**

အပစ်အခတ်ရပ်စဲရေး သဘောတူညီထားသော်လည်း ဂါဇာစစ်သွေးကြွများ အစ္စရေးကို ဆက်လက်တိုက်ခိုက်

ဂျေရုဆလင် ဩဂုတ် ၂၃

အပစ်အခတ်ရပ်စဲရေးအတွက် သဘောတူညီခဲ့သော်လည်း ဂါဇာကမ်းမြောင်ဒေသမှ ပါလက်စတိုင်း စစ်သွေးကြွများသည် အစ္စရေးနိုင်ငံတောင်ပိုင်းသို့ ဒုံးကျည်များ၊ မော်တာများဖြင့် ဆက်လက်ပစ်ခတ်တိုက်ခိုက်နေဆဲဖြစ်ကြောင်း ဩဂုတ် ၂၂ ရက် သတင်းများတွင် ဖော်ပြသည်။

ပါလက်စတိုင်း စစ်သွေးကြွများသည် ဩဂုတ် ၂၁ ရက် ညပိုင်းက အစ္စရေးနိုင်ငံအား ဒုံးကျည်နှင့် မော်တာများဖြင့် ပစ်ခတ်တိုက်ခိုက်မှု (၁၄) ကြိမ် လုပ်ဆောင်ခဲ့ကြောင်း အစ္စရေးစစ်ဘက်က တနင်္လာနေ့တွင် ပြောကြားသည်။

ပါလက်စတိုင်း စစ်သွေးကြွများ၏ တိုက်ခိုက်မှုအားလက်တုံ့ပြန်သည့် အနေဖြင့် ဩဂုတ် ၂၁ ရက် သန်းခေါင်ယံမတိုင်မီ အစ္စရေးလေတပ်က ဂါဇာကမ်းမြောင်ဒေသအားလေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ကြောင်း အစ္စရေးစစ်ဘက်၏ အဆိုအရသိရသည်။

အစ္စရေးနှင့် ပါလက်စတိုင်းအကြား ဖြစ်ပွားနေသော ငါးရက်ကြာ ပဋိပက္ခများ ချုပ်ငြိမ်းသွားရန်အတွက် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်တစ်ရပ်ကို ဩဂုတ် ၂၁ ရက် ညနေပိုင်း၌ စတင်လိုက်နာရန် ပါလက်စတိုင်းစစ်သွေးကြွများက သဘောတူခဲ့ကြကြောင်း ဂါဇာကမ်းမြောင်အား ထိန်းချုပ်ထားသော ဟားမားစ်အဖွဲ့က ပြောကြားခဲ့ပြီးဖြစ်သည်။

အီဂျစ်နိုင်ငံ၏ ကြားဝင်ညှိနှိုင်းမှုဖြင့် ရရှိခဲ့သောအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို စောင့်ထိန်းရေးအတွက် ဟားမားစ်အဖွဲ့၏ လုံခြုံရေးတပ်ဖွဲ့များက အထူးလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဟားမားစ်အဖွဲ့ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်အရ ပါလက်စတိုင်း စစ်သွေးကြွများက ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုများအား ရပ်ဆိုင်းမည်ဆိုပါက အစ္စရေးနိုင်ငံကလည်း လေကြောင်းထိုးစစ်များကို ရပ်နားမည်ဖြစ်ကြောင်းသိရသည်။

သို့ရာတွင် အဆိုပါ အပစ်အခတ် ရပ်စဲရေး သဘောတူညီချက်သည် ဂါဇာကမ်းမြောင်ဒေသရှိ လက်နက်ကိုင် အုပ်စုအားလုံးအား ကိုယ်စားပြုခြင်းရှိ၊ မရှိကို သဲကွဲစွာမသိပေ။

အင်တာနက်။

စကြဝဠာအတွင်း ဟိုက်ဒရိုဂျင် ကုန်ခန်းလာသည်နှင့်အမျှ ကြယ်များ ဖွဲ့စည်းဖြစ်တည်မှု နည်းပါး

ကင်ဘာရာ ဩဂုတ် ၂၃

နဂါးငွေ့တန်းကြယ်စုများ၌ ဟိုက်ဒရိုဂျင်ဓာတ်ငွေ့ ကုန်ခမ်းမှု ဖြစ်ပေါ်လျက်ရှိခြင်းကြောင့် အချိန်ကာလကြာမြင့်လာသည်နှင့်အမျှ စကြဝဠာအတွင်း ကြယ်စင်များ ဖွဲ့စည်းဖြစ်တည်မှု နည်းပါးလာကြောင်း ဩစတြေးလျ နက္ခတ္တဗေဒသိပ္ပံပညာရှင်များက ဩဂုတ် ၂၂ ရက်တွင် ပြောကြားသည်။

ဩစတြေးလျနိုင်ငံ ဓနသဟာယသိပ္ပံနှင့် စက်မှုသုတေသနအဖွဲ့ (စီအက်စ်အိုင်အာရ်အို)သည် စွမ်းအားမြင့် ရေဒီယိုတယ်လီစကုပ်များ အသုံးပြုကာ နေစကြဝဠာ၏ အလွန်ရှိ နဂါးငွေ့တန်းကြယ်စုများကို လေ့လာခဲ့ပြီး နှိုင်းယှဉ်သုံးသပ်မှုများ ပြုလုပ်ခဲ့ကြသည်။

အလှမ်းဝေးကွာလွန်းသည့်အဖြစ်ကြောင့် နဂါးငွေ့တန်းကြယ်စုများမှ အလင်းတန်းများသည် ကမ္ဘာမြေသို့ ရောက်ရှိရန် အချိန်များစွာ ကြာမြင့်ခဲ့ရသည်ဖြစ်ရာ ယနေ့ခေတ် နက္ခတ္တဗေဒ သိပ္ပံပညာရှင်များ တွေ့မြင်နေသော နဂါးငွေ့တန်းကြယ်စုများသည် လွန်ခဲ့သောနှစ်ပေါင်းသုံးဘီလီယံမှ ငါးဘီလီယံ အကြားကာလ၌ဖြစ်တည် ခဲ့သော ကြယ်စုများဖြစ်ကြသည်။

ထိုစဉ်ကာလအတွင်း ဖြစ်တည်ခဲ့သော နဂါးငွေ့တန်းကြယ်စုများသည် ယနေ့ ခေတ်စကြဝဠာအတွင်း ဖြစ်တည်နေသည့် ကြယ်စုများနှင့် နှိုင်းဆပါက မော်လီကျူးပုံဆောင် ဟိုက်ဒရိုဂျင်ဓာတ်ငွေ့ပမာဏ ပိုမိုများပြားခဲ့ကြောင်း ဩစတြေးလျ သိပ္ပံပညာရှင်များက ပြောကြားခဲ့သည်။

ကြယ်စင်များသည် ဟိုက်ဒရိုဂျင်ဓာတ်ငွေ့ တိမ်တိုက်များမှတစ်ဆင့် ဖွဲ့စည်းဖြစ်တည်လာခြင်းဖြစ်ရာ နဂါးငွေ့တန်းကြယ်စုများ၌ ဟိုက်ဒရိုဂျင်လျော့ပါးလာသည်နှင့်အမျှ ကြယ်စုများ ဖွဲ့စည်းဖြစ်တည်မှု ပိုမိုနည်းပါးလာကြောင်း သိပ္ပံပညာရှင်များက လေ့လာတွေ့ရှိခဲ့သည်။

စကြဝဠာ၏ ဘဝသက်တမ်းနုစဉ်အခါက ကြယ်များဖွဲ့စည်း ဖြစ်တည်မှုနှုန်းမြင့်မားခဲ့ပြီး ယင်းနောက်ပိုင်း၌ တဖြည်းဖြည်း ကျဆင်းခဲ့ကြောင်း သိပ္ပံပညာရှင်များက ပြောကြားခဲ့သည်။

အင်တာနက်။

ကြေးမုံ

The Mirror

သတိပြု ဆင်ခြင်စရာ မှုခင်းအဖြာဖြာ

မိတ္ထီလာတွင် ဆိုင်ကယ်နှစ်စီး တိုက်မှုဖြစ်

မိတ္ထီလာ ဩဂုတ် ၂၃

မိတ္ထီလာတွင် ဩဂုတ် ၅ ရက် ညနေ ၆နာရီက ဆိုင်ကယ်နှစ်စီးဝင်တိုက်မှု ဖြစ်ပွားကြောင်း သိရသည်။

ဖြစ်ပွားပုံမှာ ဇင်ကိုကိုထွေးမောင်းနှင်ပြီး ဆိုင်ကယ်နောက်တွင်သူငယ်ချင်းတစ်ဦး လိုက်ပါလာသည့် ရှာယမ်း(အညို)ဆိုင်ကယ် (လိုင်စင်မဲ့)သည် မြို့တွင်း (လက်ဝဲလမ်း)မှ ပြည်သာယာဘက်သို့ မောင်းနှင်လာစဉ် အင်းဝဘဏ်နှင့် ရဲမာန်ဟုန်စတိုးဆိုင်အနီးတွင် ဦးမြင့်ကြည် (ကျီတော်ကုန်းရပ်) မောင်းနှင်လာသည့် ၁၈ယ/၂၆၈၆၈ လော့ဂျာ(အနက်)သည် လက်ယာလမ်းဘက်မှ မိတ္ထီလာ ဈေးပတ်လမ်းဘက်သို့ ချိုးကွေ့လိုက်ရာ အရှိန်မထိန်းနိုင်ကြဘဲဝင်တိုက်မိပြီး နှစ်ဦးစီးလာသည့် ဆိုင်ကယ်မောင်းနှင်သူ ဇင်ကိုကိုထွေးမှာ မျက်နှာတွင်ထိခိုက်ပွန်းပဲ့ ဒဏ်ရာနှင့်နှုတ်ခမ်းပဲ့၊ သွားတစ်ချောင်းကျိုးသည့်ဒဏ်ရာများ ရရှိသွားပြီး လော့ဂျာ(အနက်)ဆိုင်ကယ် မောင်းနှင်သူဦးမြင့်ကြည်မှာ ဦးခေါင်းနောက်စေ့ဖြင့် ကတ္တရာလမ်း ရိုက်မိသည့်ဒဏ်ကြောင့် သတိမေ့မြောသွားခဲ့သည်။ ဆိုင်ကယ်တိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူများမှာ မြို့နယ်အရေးပေါ် ပြင်ပလူနာဌာနတွင် ဆေးကုသမှုခံယူနေပြီး ၎င်းအမှုအားသက်ဆိုင်ရာမှ အရေးယူဆောင်ရွက်လျက်ရှိသည်။ (၅၇၉)

ခြင်ဆေးခွေမှတစ်ဆင့် မီးလောင်ကျွမ်းမှုဖြစ်ပွား

ရန်ကုန် ဩဂုတ် ၂၃

ရမည်းသင်းမြို့ သီလဝါရပ်ကွက် မြတ်လေးလမ်းရှိ နေအိမ်တစ်အိမ်၌ ဩဂုတ် ၂၀ ရက် ည ၁၁ နာရီခန့်တွင် ခြင်ဆေးခွေမှတစ်ဆင့် အနီးရှိ ဓာတ်ဆီပုံးသို့ မီးကူးစက် လောင်ကျွမ်းမှုဖြစ်ပွားခဲ့သည်။

ရမည်းသင်း မီးသတ်စခန်းမှ မီးသတ်ယာဉ်များ အချိန်မီသွားရောက်ငြိမ်းသတ်ရာ ည ၁၁ နာရီခွဲခန့်တွင် မီးငြိမ်းသွားခဲ့ပြီး နေအိမ်တစ်လုံးသာ မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

(စိုးမင်း-သတင်းစဉ်)

မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

ရန်ကုန် ဩဂုတ် ၂၃

ဩဂုတ် ၉ ရက် မွန်းလွဲ ၁ နာရီတွင် ကွမ်းလုံမူးယစ်အထူးတပ်ဖွဲ့ဝင်များသည် လောက်ကိုင်မြို့အဝင် စစ်ဆေးရေးဂိတ်၌ လောက်ကိုင်မြို့မှ ချင်းရွှေဟော်မြို့သို့ မောင်းနှင်လာသည့် ခရီးသည်တင်ဗင်ကားကို ရှာဖွေခဲ့ရာ လောက်ကိုင်ခရိုင်နေ ကျောင်းကျိုးဖျင့်(ခ) ကျိုးဖျင့် (၃၂)နှစ်၏ လွယ်အိတ်အတွင်းမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၆၀၊ ပစ္စတိုသေနတ် တစ်လက်၊ ကျည်ကတ်တစ်ခုနှင့် ယင်းကျည်ခုနစ်တောင့်တို့ကိုလည်းကောင်း၊ ဩဂုတ် ၁၁ ရက် ညနေ ၆ နာရီခွဲတွင် လားရှိုးမူးယစ်အထူးအဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သိန္နီမြို့နယ် ရေပူကန့်သတ် ကုန်စစ်ဆေးရေးစခန်း၌ မူဆယ်-မန္တလေး ခရီးသည်တင်မှန်လုံယာဉ်ဖြင့် လိုက်ပါလာသည့် ခရီးသည် ကျော်ကျော် ထွန်း(၃၂)နှစ်ထံမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၄၈၅ ပြားကိုလည်းကောင်း၊ ဩဂုတ် ၁၃ ရက် မွန်းလွဲ ၁ နာရီတွင် ဇရပ်ကြီးရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ထန်းတပင်မြို့နယ် ဇရပ်ကြီးကျေးရွာအုပ်စုနှင့် ကြို့ပင်သာ ကျေးရွာအုပ်စုအကြား တောင်ငူ-မုပ္ပလင်ကားလမ်း၌တွေ့ရှိသည့် ဖိုးတင့် (၅၀)နှစ်ထံမှ ဆေးခြောက် ၃ ဒသမ ၄၂၉၃ ကီလိုကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး သက်ဆိုင်ရာရဲစခန်းများက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (ဝင်းဝင်းမော်-သတင်းစဉ်)

သုံးဆယ်ဆရာတော် အာရှတော်ဝင်ဆေးခန်း၌ ဆေးဝါးကုသ

ရန်ကုန် ဩဂုတ် ၂၃

ပဲခူးတိုင်းဒေသကြီး သုံးဆယ်မြို့ ဆရာတော် ဘဒ္ဒန္တအရှင်ဉာဏသည် အာရှတော်ဝင်ဆေးခန်း၌ ကျောက်ကပ်ရောဂါဖြင့် ဇူလိုင် ၂၈ ရက်မှ စတင်ဆေးရုံတက်ရောက်ခဲ့ပြီး အခြားရောဂါဝေဒနာများအတွက်လည်း ကျန်းမာရေးစစ်ဆေးမှုခံယူလျက်ရှိရာ ဆရာတော်အား အာရှတော်ဝင်ဆေးခန်းမှ ဆရာဝန်များက မေတ္တာဖြင့် ကုသပေးခဲ့ကြောင်း သိရသည်။

ဆရာတော် သုံးဆယ်မြို့သို့ ပြန်ကြွသည့်အချိန်တွင် အာရှတော်ဝင်ဆေးခန်းမှ ဆရာဝန်တစ်ဦးနှင့် အမျိုးသားသူနာပြုနှစ်ဦးတို့က မေတ္တာဖြင့် လိုက်ပါ၍ ဆရာတော်ကြီး၏ ကျန်းမာရေးကို စောင့်ရှောက်ပေးမည်ဖြစ်ကြောင်းလည်း သိရသည်။

သုံးဆယ်မြို့သို့ ပြန်ရောက်ပါက ဆရာတော်ကြီးအား ဖူးမြော်ချိန်ကို နံနက် ၆ နာရီခွဲတစ်ကြိမ်သာ ခွင့်ပြုမည်ဟု သိရသည်။ (ဥမ္မာသန့်-သတင်းစဉ်)

တက္ကသိုလ်ဝင်စာမေးပွဲဝင်ခွင့် လျှောက်လွှာတင်သွင်းနိုင်

နေပြည်တော် ဩဂုတ် ၂၃

၂၀၁၂ ခုနှစ်တွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအတွက် တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ခွင့်လျှောက်လွှာပုံစံများကို မြန်မာနိုင်ငံစာစစ်အဖွဲ့ရုံးတွင် ၂၀၁၁ ခုနှစ် စက်တင်ဘာ ၁ ရက်မှစတင်၍ သတ်မှတ်ထားသောနှုန်းထားဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း သိရှိရသည်။

စာမေးပွဲဝင်ခွင့်လျှောက်လွှာတင်သွင်းရာ၌ ဘာသာတွဲ အမှတ်စဉ်(၁)၊ (၅)၊ (၆)၊ (၇)၊ (၈)များဖြင့် ဖြေဆိုမည့်သူများအတွက် အစိမ်းရောင်ဝင်ခွင့်လျှောက်လွှာနှင့် ကတ်ပြားပုံစံဖြင့်လည်းကောင်း၊ ဘာသာတွဲ အမှတ်စဉ်(၂)၊ (၃)၊ (၄)များဖြင့် ဖြေဆိုမည့်သူများအတွက် ပန်းရောင်ဝင်ခွင့်လျှောက်လွှာနှင့် ကတ်ပြားပုံစံဖြင့် လည်းကောင်း တင်သွင်းရန် အရောင်နှစ်မျိုး ခွဲခြားသတ်မှတ်ထားသည်။

ပြင်ပဖြေဆိုရန် လျှောက်လွှာတင်သွင်းသူများ၏ စာမေးပွဲဝင်ကြေးငွေကို သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးရုံးများတွင် စာမေးပွဲဝင်ကြေးအတွက် ကျသင့်ငွေသွင်းတံဆိပ်ခေါင်းများ ဝယ်ယူပြီး ဝင်ခွင့်လျှောက်လွှာ၏ လက်ဝဲဘက်ထိပ်ပိုင်းတွင်ကပ်၍ မိမိတို့အမှန်တကယ်နေထိုင်သည့် မြို့နယ်ပညာရေးမှူးရုံးတွင် စက်တင်ဘာ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်အတွင်း တင်သွင်းကြရမည်ဖြစ်သည်။

အခြေခံပညာအထက်တန်းကျောင်းများ၊ ကျောင်းခွဲများနှင့် တွဲဖက်ကျောင်းများမှ ဖြေဆိုရန် လျှောက်လွှာတင်သွင်းမည့် ကျောင်းသား၊ ကျောင်းသူများ၏ စာမေးပွဲဝင်ကြေးအတွက် ကျောင်းအုပ်ကြီးများသည် စာမေးပွဲဝင်ကြေး ကျသင့်ငွေသွင်းတံဆိပ်ခေါင်းများ ဝယ်ယူပြီး လျှောက်လွှာတစ်စောင်ချင်းတွင် ကပ်၍ စုပေါင်းပြီး မြန်မာနိုင်ငံစာစစ်အဖွဲ့ရုံးသို့ စက်တင်ဘာ ၁ ရက်မှ အောက်တိုဘာ ၁၄ ရက်အတွင်း သတ်မှတ်ရက်အမီ တင်သွင်းကြရမည်ဖြစ်သည်။

သတ်မှတ်ထားသော ရက်များအတွင်း အချိန်မီပေးပို့ခြင်း မရှိသူများသည် စာမေးပွဲဖြေဆိုခွင့် ရရှိကြမည်မဟုတ်ကြောင်းနှင့် စာဖြေသူတင်သွင်းသည့် စာမေးပွဲဝင်ခွင့်လျှောက်လွှာနှင့် ကတ်ပြားတွင် ဖော်ပြပါရှိသည့် ဘာသာတွဲမှအပ အခြားဘာသာတွဲသို့ ပြောင်းလဲဖြေဆိုခွင့်ပြုမည်မဟုတ်သဖြင့် မိမိဖြေဆိုမည့် ဘာသာတွဲအလိုက် ပုံစံများမှန်ကန်မှု ရှိ၊ မရှိ သေချာစွာ စစ်ဆေးပြီး မှန်ကန်စွာ ဖြည့်စွက်ပေးပို့ကြရန် ဖြစ်ကြောင်း သတိပေးထားသည်။

လျှောက်လွှာပုံစံများနှင့် ငွေသွင်းတံဆိပ်ခေါင်းများကို နေပြည်တော် ရုံးအမှတ်(၅၂) မြန်မာနိုင်ငံစာစစ်အဖွဲ့(ရုံးချုပ်)နှင့် ရန်ကုန်မြို့ လှိုင်မြို့နယ် လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာနိုင်ငံစာစစ်အဖွဲ့ (ဖွဲ့ကပင်ဆောင်)၌ လာရောက်ဝယ်ယူနိုင်ကြောင်း မြန်မာနိုင်ငံစာစစ်အဖွဲ့ထံမှ သိရှိရသည်။

(သတင်းစဉ်)

ဗြဟ္မစိုရ် ကုသိုလ်ဆေးခန်း နှစ်နှစ်ပြည့်ဂုဏ်ပြုပွဲ ကျင်းပ

မန္တလေး ဩဂုတ် ၂၃

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ ဗြဟ္မစိုရ်လူမှုကူညီရေးအသင်း ကုသိုလ်ဖြစ်အထူးကုဆေးခန်း နှစ်နှစ်ပြည့်အထိမ်းအမှတ်ဂုဏ်ပြုနေ့လယ်စာစားပွဲကို ဩဂုတ် ၂၂ ရက် နံနက် ၁၁ နာရီခွဲတွင် ရှမ်းယဉ်ယဉ်စားသောက်ဆိုင်၌ ကျင်းပသည်။ အဆိုပါဂုဏ်ပြုနေ့လယ်စာစားပွဲသို့ နာယက၊ အမှုဆောင်များ၊ ဆရာဝန်၊ သူနာပြု၊ လုပ်အားပေးများ တက်ရောက်ကြသည်။

၂၀၀၉ ခုနှစ် ဩဂုတ် ၂၂ ရက်မှ ၂၀၁၁ ခုနှစ် ဩဂုတ် ၂၂ ရက်ထိ နှစ်နှစ်တာကာလအတွင်း ပညာဒါန၊ လုပ်အားဒါန ပေးလှူကြသော ပါမောက္ခ၊ ဆရာဝန်၊ သူနာပြု၊ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူများနှင့် စေတနာရှင် လုပ်အားပေးအားလုံးတို့အား ဂုဏ်ပြုနေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံပြီး ဂုဏ်ပြုလက်မှတ်၊ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။ **(အပေါ်ပုံ)** နွမ်းပါးသူများကို နာရေးကိစ္စ၊ မတော်တဆထိခိုက်မှုများတွင် သယ်ယူပြီး ဆေးရုံပို့ရန်ကိစ္စများအား ဆောင်ရွက်နိုင်ရန်အတွက် တောင်စလင်းတိုက်သစ် ပဓာနနာယကဆရာတော်ဘဒ္ဒန္တတိက္ခ၏ ဩဝါဒကိုခံယူကာ နဒီမြန်မာ ဦးအောင်ခိုင်၊ လူထု ဒေါ်အမာနှင့် လူမှုရေးလုပ်ငန်းစိတ်ဝင်စားသည့် မြို့မိမြို့ဖများက ၁၉၉၈ ခုနှစ် မေ ၇ ရက်မှစတင်ပြီး ဗြဟ္မစိုရ်လူမှုကူညီရေးအသင်းအား စတင်ခဲ့ပြီးနောက် နှစ်နှစ်အကြာတွင် ပြည်သူ့ဆေးရုံကြီး၌ တက်ရောက်နေသည့် ဆင်းရဲချို့တဲ့လူနာများအား ဆေးဝါးကူညီပေးခဲ့သည်။ (ဘဦး)

မြန်မာနိုင်ငံသည် စေတနာသွေးလှူရှင် အများဆုံးနိုင်ငံဖြစ်

ရန်ကုန် ဩဂုတ် ၂၃

အမျိုးသားသွေးဌာန (ရန်ကုန်)သည် ရန်ကုန်မြို့ပေါ်ရှိ ဆေးရုံကြီး ကိုးရုံ၏ သွေးလိုအပ်ချက် ရာခိုင်နှုန်း ၉၀ ကို ဖြည့်ဆည်းပေးလျက်ရှိသည်။ အရေးပေါ်လိုအပ်သည့်သွေးကိုလည်း ကြိုတင်စာရင်းပေးထားသည့် သွေးလှူရှင်များနှင့် ဆက်သွယ်ရယူပေးလျက်ရှိသည်။

အမျိုးသားသွေးဌာနသို့ နေ့စဉ်စေတနာရှင် သွေးလှူဒါန်းသူများနှင့် သွေးလှူရှင်များအဖွဲ့အစည်း ၇၅ ဖွဲ့က တစ်ရက်လျှင် သွေးပုလင်း ၅၀ မှ ၇၀ အကြား လှူဒါန်းလျက်ရှိသည်။ အခါကြီးရက်ကြီးများနှင့် အပတ်စဉ်၊ လစဉ် လာရောက်လှူဒါန်းသည့်အဖွဲ့အစည်းများက သွေးပုလင်း ၂၅၀၀ မှ ၃၀၀၀ အကြား လစဉ်လှူဒါန်းလျက်ရှိသည်။

သွေးအများဆုံးလှူဒါန်းသည့် အဖွဲ့မှာ မင်္ဂလာဗျူဟာအဖွဲ့ဖြစ်ပြီး နှစ်လလျှင်တစ်ကြိမ် သွေးပုလင်း ၄၀၀ မှ ၅၀၀ ကြား တစ်နှစ်ပတ်လုံး လှူဒါန်းလျက်ရှိပြီး ဝါခေါင်လပြည့်နေ့ (မေတ္တာအခါတော်နေ့)က ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် သွေးလှူဒါန်းပွဲတွင် လာရောက်လှူဒါန်းသူ ၁၅၀၀ ရှိပြီး အမျိုးသားသွေးဌာနက သွေးပုလင်း ၆၅၀ ကို လက်ခံဖောက်ယူခဲ့ကြောင်း သိရသည်။

ဒေသတွင်းနိုင်ငံများအနက် မြန်မာနိုင်ငံသည် စေတနာအလျောက် သွေးလှူဒါန်းမှုအများဆုံးနိုင်ငံဖြစ်ကြောင်း သိရသည်။ (စိုးမင်း-သတင်းစဉ်)

ရေထွက်ပစ္စည်းစက်ရုံများ အနာဂတ်အရေး ပူးပေါင်းဆွေးနွေး အဖြေရှာသွားမည်

ရန်ကုန် ဩဂုတ် ၂၃

ပြည်ပပို့ကုန်အပေါ် အားထား ဆောင်ရွက်သော ရေထွက်ပစ္စည်းစက်ရုံများ အနေဖြင့် ယနေ့အချိန်တွင် ပြည်ပတင်ပို့ရောင်းချရာ၌ နိုင်ငံခြားငွေတန်ဖိုးကျဆင်းခြင်းကြောင့် ထုတ်လုပ်မှုအတွက် ဆုံးရှုံးမှုများ ဖြစ်လာရာ ထုတ်လုပ်မှုကုန်ကျစရိတ် လျှော့ချနိုင်ရေး ပူးပေါင်းဆွေးနွေးသွားကြရန် စီစဉ်ထားကြောင်း ဩဂုတ် ၂၃ ရက်က ကျင်းပသည့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သားငါးကဏ္ဍဆိုင်ရာ လုပ်ငန်းရှင်များ ပုံမှန်အစည်းအဝေးမှ သိရသည်။

အဆိုပါ ထုတ်လုပ်မှု ကုန်ကျစရိတ်များ လျှော့ချရာတွင် လုပ်ကိုင်နေသည့်အလုပ်သမားအရေးအတွက်များလည်း လျှော့ချရန် အခြေအနေတစ်ရပ်ပါဝင်ခြင်းကြောင့် ၎င်းအလုပ်သမားများ၏စားဝတ်နေရေးကိစ္စများအတွက်ပါ ထိခိုက်မှုမရှိစေရန်အတွက် ရေလုပ်ငန်းနှင့်သက်ဆိုင်သော ဌာနဆိုင်ရာအပိုင်းနှင့် ပုဂ္ဂလိကအပိုင်းတို့ ပူးပေါင်းဆွေးနွေးကာ ကောင်းမွန်သည့် အစီအမံမျိုးအတွက် အဖြေရှာလုပ်ဆောင်သွားရန်ရှိနေကြောင်း သိရသည်။

ယင်းနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်မှ ဒေါက်တာတိုးနန္ဒာတင်က "လျှော့ချဖို့ဆိုတဲ့နေရာမှာ Labour ကိစ္စကို ညင်သာစွာကိုင်တွယ်ရမယ်။ မကိုင်တွယ်တတ်ရင် ပြဿနာရှိတယ်။ အကုန်လုံးပူးပေါင်းပြီး ဘယ်လိုလုပ်မလဲဆိုတာ ဆွေးနွေးတိုင်ပင်ပြီး လုပ်သွားဖို့ရှိတယ်" ဟု ထုတ်ဖော်ပြောကြားသည်။ ရေထွက်ပစ္စည်းထုတ်လုပ်သည့် စက်ရုံကြီးများတွင် လုပ်သား ရာကျော်ရှိနေပြီး စက်ရုံအသေး၌ပင် ၇၀ ကျော်၊ ၈၀ ကျော်လောက်ရှိနေသည့်အတွက် ၎င်းအလုပ်သမားများ၏ မိသားစုစားဝတ်နေရေးကိစ္စများကို ပူးပေါင်းအဖြေရှာရန်၊ ဆွေးနွေးသွားရန် စီစဉ်ထားခြင်းဖြစ်သည်။

ရေထွက်ပစ္စည်းများ ထုတ်လုပ်သည့် စက်ရုံများအနေဖြင့် ကုန်ကြမ်းဝယ်ယူစရိတ်၊ လုပ်သားစရိတ်၊ အခြားသော ထုတ်လုပ်မှု ကုန်ကျစရိတ်များရှိနေပြီး နိုင်ငံခြားငွေဒေါ်လာတန်ဖိုးကျဆင်းခြင်းကြောင့် ဝယ်ယူသမျှ ကုန်ကျသည့်ပမာဏထက် ပြည်ပတင်ပို့ရောင်းချ၍ ရရှိလာသော ပမာဏများ လျော့နည်းခြင်းဖြစ်ကာ ရှုံးသည်ထက် ရှုံးနေကြခြင်းကြောင့် အချို့သောစက်ရုံပိုင်ရှင်များမှာ ခေတ္တပိတ်သိမ်းရပ်နားရန် စီစဉ်နေကြောင်း သိရသည်။ (၆၈၀)

လောင်းကစားမှုပပျောက်ရေး ပညာပေးဟောပြော

ရမည်းသင်း ဩဂုတ် ၂၃

ရမည်းသင်းခရိုင်အတွင်း လောင်းကစားမှုပပျောက်ရေးပညာပေးဟောပြောပွဲကို ဇူလိုင် ၂၀ ရက်က ရမည်းသင်းမြို့ ကျောင်းတိုက်စုရပ်ကွက်ကြီး အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းလွင်က လောင်းကစားမှုနှင့် ပတ်သက်သောဥပဒေနှင့် လောင်းကစားခြင်း၏ ဆိုးကျိုးများကို ရှင်လင်းပြောကြားသည်။ ယင်းနောက် ရဲအုပ်သိန်းဝင်းက ပြည်သူများအနေဖြင့် မိမိတို့နှင့် သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးများ၊ ရဲကင်းများသို့ ကြိုတင်သိရှိရသော သတင်းများကို အသိပေးသွားကြရန် ပြောကြားသည်။ တက်ရောက်လာသူများအား ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။ (၆၅၄)

အမရပူရမြို့နယ် ငယ်တိုးကျေးရွာတွင် ဩဂုတ် ၂၂ ရက်က စတင်ကျင်းပလျက်ရှိသည့် ရတနာ့ဂူပွဲတော်သို့ မန္တလေး၊ အမရပူရ၊ တံတားဦး၊ စစ်ကိုင်း၊ မုံရွာ စသည့် အနီးဝန်းကျင်ဒေသများမှ ပြည်သူများ တဖွဲဖွဲလာရောက်လျက်ရှိကြရာ ပွဲတော်အစနေ့၌ ရွှေအစဉ်အလာမပျက် ငှက်သမ္ဘန်စီးကြခြင်း၊ ပွဲတော်ဈေးတန်းများသို့ သွားလာ၍ ဈေးဝယ်ထွက်ကြခြင်းတို့ ပြုလုပ်ကြပြီး ချိုးရေတော်သုံးပွဲ၊ ထိန်ခုတ်ပွဲ၊ မယ်တော်ပို့ပွဲနှင့် ဆွမ်းတော်ကြီးလောင်းလှူပွဲနေ့တို့တွင် ပိုမိုစည်ကားလာမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

၂၀၁၃ တွင် ခရီးသည်တင်ကားများ စီအင်န်ဂျီပြောင်းလဲတပ်ဆင်ခွင့် ရရှိနိုင် လက်ရှိတွင် နုတ်ထွက်ယာဉ်များနေရာ၌သာ အစားထိုးပြေးဆွဲခွင့် ပြုထား

ရန်ကုန် ဩဂုတ် ၂၃

ပြီးခဲ့သည့် ၂၀၀၉ ခုနှစ်မှစ၍ လောင်စာဆီသုံး မော်တော်ယာဉ်များကို စီအင်န်ဂျီသဘာဝဓာတ်ငွေ့ယာဉ်အဖြစ် ပြောင်းလဲခြင်းကို ခေတ္တပိတ်ထားခဲ့ရာ လာမည့် ၂၀၁၃ ခုနှစ်တွင် ပြန်လည်ရရှိလာနိုင်မည်ဖြစ်ကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက တရားဝင်ထုတ်ဖော်ပြောကြားခဲ့သည်။

၂၀၁၃ ခုနှစ်တွင် ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းမှ ရရှိလာမည့် သဘာဝဓာတ်ငွေ့များကို ပြည်တွင်းတွင် တိုးမြှင့်အသုံးပြုသွားမည်ဖြစ်ရာ မော်တော်ယာဉ်များ စီအင်န်ဂျီပြောင်းလဲခြင်းကိုလည်း ဆောင်ရွက်ပေးနိုင်မည်ဟု သိရသည်။ ယင်းကြောင့် လက်ရှိကာလ ခရီးသည်တင်ယာဉ်များ စီအင်န်ဂျီပြောင်းလဲခွင့် မရရှိသေးသည့်အချိန်တွင် ယာဉ်လိုင်းမှ နုတ်ထွက်သွားသော စီအင်န်ဂျီ ခရီးသည်တင် ယာဉ်များနေရာတွင်သာ အခြားယာဉ်များ အစားထိုးပြေးဆွဲခွင့်ပြုနေသည်ဟု ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ(မြို့တွင်း) အတွင်းရေးမှူး ဦးတင်မောင်ဇော်၏ ပြောကြားချက်အရ သိရသည်။

ယခင်က ခရီးသည်တင်ယာဉ်လိုင်းများတွင် ဆက်လက်ပြေးဆွဲလိုခြင်းမရှိ၍ ယာဉ်လိုင်းမှနုတ်ထွက်ပါက အလွယ်တကူ နုတ်ထွက်ခွင့်မပြုခဲ့သော်လည်း ၂၀၁၁ ခုနှစ် မတ်လမှစ၍ ဆက်လက်ပြေးဆွဲရန် အဆင်မပြေသောယာဉ်များကို ယာဉ်လိုင်းမှ နုတ်ထွက်ခွင့်ပြုခဲ့သည်။ အဆိုပါ နုတ်ထွက်သွားသော စီအင်န်ဂျီယာဉ်များနေရာတွင် အသစ်ဝင်ရောက် ပြေးဆွဲလိုသော ယာဉ်များကို အစားထိုးခွင့်ပြုနေခြင်းဖြစ်သည်ဟု သိရသည်။

ရန်ကုန်မြို့တွင် နေ့စဉ်ပြေးဆွဲလျက်ရှိသော မြို့တွင်းခရီးသည်တင်လိုင်းကားစီးရေမှာ ၆၀၀၀ ဝန်းကျင်ခန့်ရှိပြီး အများစုမှာ စီအင်န်ဂျီသဘာဝဓာတ်ငွေ့ယာဉ်များအဖြစ် ပြောင်းလဲပြေးဆွဲနေကြခြင်းဖြစ်သည်။ ထပ်မံ၍ ခရီးသည်တင်ယာဉ်အသစ်များ ယာဉ်လိုင်းများတွင် ဝင်ရောက်ပြေးဆွဲလိုသော်လည်း စီအင်န်ဂျီပြောင်းလဲတပ်ဆင်ခွင့် မရရှိသေးသည့်အတွက် ယာဉ်လိုင်းများမှ နုတ်ထွက်သွားသော ယာဉ်များနေရာတွင်သာ အစားထိုးဝင်ရောက်ပြေးဆွဲခွင့်ပြုနေခြင်းဖြစ်ကြောင်း သိရှိရသည်။ (၀၀၁)

☆ **ကျောဖုံးမှ**

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆွေအောင်က **သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့်ပတ်သက်၍ ဥပဒေ သို့မဟုတ် စည်းမျဉ်းစည်းကမ်းများ ထုတ်ပြန်မှုများ ဆောင်ရွက်ရေး**နှင့် စပ်လျဉ်း၍ မေးမြန်းသည်။

ယင်းမေးခွန်းနှင့် စပ်လျဉ်း၍ သစ်တောရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ပြန်လည်ဖြေကြားရာ၌ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှု မရှိစေရန်အတွက် သက်ဆိုင်ရာဌာန အဖွဲ့အစည်းများ အကြား ပေါင်းစပ်ညှိနှိုင်းပေးရန် ၁၉၉၀ ခုနှစ်တွင် ပတ်ဝန်းကျင် ထိန်းသိမ်းရေး အမျိုးသားကော်မရှင်ကို ဖွဲ့စည်းခဲ့ပြီး ၁၉၉၄ ခုနှစ်တွင် ပတ်ဝန်းကျင် ထိန်းသိမ်းရေးမူဝါဒကို ရေးဆွဲပြဋ္ဌာန်းခဲ့ပါကြောင်း။

မြန်မာနိုင်ငံသည် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများ၏ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းရပ်များကို ဆောင်ရွက်လျက် ရှိပါကြောင်း။

လေထုညစ်ညမ်းမှု ထိန်းသိမ်းရေး၊ အိုဇုန်းလွှာကို ပျက်စီးစေသော ဓာတ်ပစ္စည်းများသုံးစွဲမှု လျှော့ချရပ်ဆိုင်းရေးနှင့် အမျိုးသားအိုဇုန်းယူနစ် တည်ထောင်ရေးလုပ်ငန်းစီမံကိန်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ အိုဇုန်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းရေးဆွဲရေး လုပ်ငန်းစီမံကိန်းကို ဆောင်ရွက်လျက်ရှိပြီး အိုဇုန်းလွှာပျက်စီးစေသော ဓာတ်ပစ္စည်းများနှင့် ပတ်သက်သောလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ခြင်းဆိုင်ရာ အမိန့်(မူကြမ်း) ရေးဆွဲပြီး ဖြစ်ပါကြောင်း။

ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ကနဦးအမျိုးသားအစီရင်ခံစာ (Initial National Communication Report) ပြုစုရေးလုပ်ငန်းစီမံကိန်းကို ဆောင်ရွက်ခဲ့ပြီး မြန်မာနိုင်ငံ၏ ဖန်လုံအိမ်ဓာတ်ငွေ့ (GHG) ထုတ်လွှတ်မှုပမာဏကို ခန့်မှန်းတွက်ချက်နိုင်ခဲ့ပါကြောင်း၊ ၂၀၀၀ ပြည့်နှစ်ကို အခြေခံပြီး တွက်ချက်ရာတွင် မြန်မာနိုင်ငံ၏ ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုပမာဏမှာ တန် ၇၄ ဒသမ ၃၅၈ သန်းရှိပြီး သစ်တောများမှ ဖန်လုံအိမ်ဓာတ်ငွေ့စုပ်ယူမှု ပမာဏမှာ တန် ၁၄၂ ဒသမ ၂၂၁ သန်းရှိပါကြောင်း၊ ကာဗွန်ထုတ်လုပ်မှုထက် သစ်တောများက ကာဗွန်စုပ်ယူမှု ပိုမိုနေပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံသည် အသားတင် ကာဗွန်ထုတ်လွှတ်သည့်နိုင်ငံ မဟုတ်ပါကြောင်း၊ ထို့အပြင် နိုင်ငံတော်အစိုးရ အနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီကို ဖွဲ့စည်းထားပြီး ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေး ဥပဒေ(မူကြမ်း)ကို ၁၉၉၈ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အထိ ပြည်တွင်းပြည်ပ ကျွမ်းကျင်ပညာရှင်များနှင့် အလုပ်ရုံဆွေးနွေးပွဲများ အစည်းအဝေးများ ကျင်းပပြီး ရေးဆွဲခဲ့ပါကြောင်း၊ ယခုအခါ မြန်မာနိုင်ငံ ပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေး ဥပဒေ(မူကြမ်း)ကို သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီအဖွဲ့ဝင်များ၊ ဆက်စပ်နေသည့် ဌာနဆိုင်ရာများမှ ကျွမ်းကျင်ပညာရှင်များက လက်ရှိအခြေအနေနှင့် လိုက်လျောညီထွေရှိအောင် ပြန်လည်ပြင်ဆင်ရေးဆွဲပြီး ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဥပဒေအဖြစ် အတည်ပြုပြဋ္ဌာန်းနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးထွန်းမြင့်က **သစ်တောကြိုးဝိုင်း ဧရိယာအတွင်း ရောက်ရှိနေထိုင်လျက်ရှိသော မိသားစုများ၏ သားသမီးများ ပညာရေးကို စဉ်းစားပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း**အဆိုကို တင်သွင်းရာ လွှတ်တော်က ယင်းအဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်သည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးတင်ယုက **လွှတ်တော်ရုံး ဥပဒေကြမ်း**ကို လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ ကိုယ်စား ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြအေးက **ကိုယ်ပိုင်ကျောင်းမှတ်ပုံတင် ဥပဒေကြမ်း**ကိုလည်းကောင်း အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းကြပြီး ဥပဒေကြမ်းများကို ဖတ်ကြားကြသည်။

အဆိုပါ ဥပဒေကြမ်းများကို ဆွေးနွေးစဉ်းစားရန် လွှတ်တော်က သဘောတူသည်။

ယင်းနောက် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို မွန်းလွဲ ၂ နာရီ ၃၅ မိနစ်တွင် ရပ်နားလိုက်သည်။

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ကို ၂၀၁၁ ခုနှစ် ဩဂုတ် ၂၄ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ဆက်လက် ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

သစ်တောရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။
(သတင်းစဉ်)

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဆွေအောင် မေးမြန်းစဉ်။
(သတင်းစဉ်)

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။
(သတင်းစဉ်)

ရွေးကောက်ပွဲ ကန့်ကွက်လွှာပြင်ဆင်မှုအမှတ် (၈/၂၀၁၁)နှင့် (၉/၂၀၁၁)ရုံးထိုင်ကြားနာ

နေပြည်တော် ဩဂုတ် ၂၃

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့် ကော်မရှင်အဖွဲ့ဝင်အားလုံးသည် ရွေးကောက်ပွဲကန့်ကွက်လွှာပြင်ဆင်မှုအမှတ် (၈/၂၀၁၁)ကို ယနေ့ နံနက် ၁၀ နာရီတွင်လည်းကောင်း၊ ရွေးကောက်ပွဲကန့်ကွက်လွှာပြင်ဆင်မှုအမှတ်(၉/၂၀၁၁)ကို ညနေ ၃ နာရီတွင် လည်းကောင်း နေပြည်တော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၌ ရုံးထိုင်ကြားနာ စစ်ဆေးသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ယူကရိန်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၂၄

၂၀၁၁ ခုနှစ် ဩဂုတ် ၂၄ ရက်တွင် ကျရောက်သော ယူကရိန်းနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ယူကရိန်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ကော့စ်တီယန်တင် ဂရီရှိချန်ကိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် တက်ရောက်

နေပြည်တော် ဩဂုတ် ၂၃

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်သည် ဩဂုတ် ၂၂ ရက် နံနက် ၈ နာရီတွင် လားရှိုးမြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး လုပ်ငန်းကော်မတီ အစည်းအဝေးသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် တွဲဖက်ပြည်နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု လျှော့နည်းပပျောက်ရေး လုပ်ငန်း(၈)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများ အလိုက် ဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးများက လုပ်ငန်းကော်မတီနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို တင်ပြကြကာ ပြည်နယ်အတွင်းရေးမှူးက လုပ်ငန်းကော်မတီ အလိုက် အထွေထွေတင်ပြဆွေးနွေးသည်။

ဆက်လက်၍ ခရိုင်အုပ်ချုပ်ရေးမှူးများက လုပ်ငန်းကော်မတီအလိုက် ဖွဲ့စည်းထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြခဲ့ကြသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် နံနက် ၁၁ နာရီခွဲတွင် အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည့် ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက် အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန တွဲဖက်ပြည်နယ်ဦးစီးဌာနမှူး ဦးမြင့်ကိုကိုက ပြည်နယ်အတွင်း လုပ်ငန်းဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြပြီး ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီး အောင်သူက အမှတ်(၆)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ၏ နိုင်ငံသားစိစစ်ရေး ကတ်ပြား ၁၉၂ ခုကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်ခဲ့သည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၄-၈-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၅ ၁။ နိုင်ငံတော်သီချင်း
၇:၁၀ ၂။ တရားတော်
၇:၁၅ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာ့ရှုခင်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၀ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၂ ၁။ နိုင်ငံတော်သီချင်း
၄:၀၃ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ လျှပ်တစ်ပြက်
၄:၂၅ ၅။ အမျိုးသားရေးတေးကဗျာ
၄:၄၅ ၆။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၀၀ ၇။ ရွှေဟောင်းသုတ
၅:၁၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၃၀ ၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၉၃)**
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆:၂၀ ၁၂။ **Mail Box**
၆:၃၅ ၁၃။ ကာတွန်းအစီအစဉ် -ကြယ်တာရာမင်းသားလေး (အပိုင်း -၅၀)
၇:၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဘဝရဲ့တမ်းတခြင်း (အပိုင်း-၁၈)**
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ ဒို့တာဝန်အရေး(၃)ပါး
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ ရယ်စရာပျော်စရာ ဟာသကမ္ဘာ -ပြုံးပြုံးပျော်ပျော်ပုံးပြိုင်ပွဲ (သူရလင်း၊ ရီရီပွင့်ဖြူ ခင်လှိုင်နှင့် သရုပ်ဆောင်များ) [ဒါရိုက်တာ-စိန်လင်း (ပုံရိပ်ရွှေမြေ)]
၂၁။ အိုင်စီတီသုတ
၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ပေါင်မုန့်အချစ် အိပ်မက်လေးရယ် (အပိုင်း-၃၃)**
၂၄။ ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင်

နယ်ပယ်အသီးသီးကျရာတာဝန်များတွင် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက် အရာရှိဝန်ထမ်းများ လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်း၌ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် အမှာစကားပြောကြား

နေပြည်တော် ဩဂုတ် ၂၃

သမဝါယမဦးစီးဌာန အောက်ရှိ လုပ်ငန်းများ၏ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းများ၊ လုပ်ငန်းတာဝန်များကို သိရှိနားလည်စေရန်၊ နိုင်ငံတော်က ကျင့်သုံးချမှတ်အကောင်အထည်ဖော်လျက်ရှိသော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး လုပ်ငန်း(၈)ရပ်ရှိ လုပ်ငန်းများကို သိရှိနားလည်စေရန်၊ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန်နှင့် လုပ်ငန်းတာဝန်နှင့် ပတ်သက်၍ အသိပညာဗဟုသုတနှင့် ပြည့်စုံမှသာ အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် ယခုကဲ့သို့ သင်တန်းဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်းဖြင့် သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ယနေ့နံနက် ၉ နာရီခွဲတွင် သမဝါယမဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် အရာရှိဝန်ထမ်းများ လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်း ဖွင့်ပွဲအခမ်းအနား၌ အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက သင်တန်းသား၊ သင်တန်းသူများသည် နယ်ပယ်အသီးသီး ကျရာတာဝန်များတွင် အုတ်တစ်ချပ်၊ သဲတစ်ပွင့်အဖြစ် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ မိမိတို့ တတ်မြောက်မှုနှင့် လက်တွေ့ဘဝ ပေါင်းစပ်ဆောင်ရွက်ကြစေလိုကြောင်း၊ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန်နှင့် နိုင်ငံတော်အတွက် တန်ဖိုးမဖြတ်နိုင်သည့် ဝန်ထမ်းကောင်းများဖြစ်အောင် ပေးအပ်သောတာဝန်များကို ကျေပွန်စွာ ကြိုးစားဆောင်ရွက်ကြစေလိုကြောင်းဖြင့်လည်း တိုက်တွန်းမှာကြားသည်။

အဆိုပါ အခမ်းအနားသို့ သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်း၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် သမဝါယမ ပို့ကုန်သွင်းကုန်လုပ်ငန်း၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် သမဝါယမဦးစီးဌာနအောက်ရှိ အရာရှိ အရာခံဝန်ထမ်းများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ယင်းသင်တန်းကို ရက်သတ္တ သုံးပတ်ကြာဖွင့်လှစ်မည်ဖြစ်ပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့က ရွေးချယ်ခန့်ထားပေးသည့် ဦးစီးအရာရှိ သင်တန်းသား၊ သင်တန်းသူ ၄၉ ဦး အပါအဝင် သင်တန်းသား ၅၂ ဦး တက်ရောက်ကြသည်။

(သတင်းစဉ်)

နိုင်ငံရေးပါတီတည်ထောင်ခွင့်များ စိစစ်ခွင့်ပြုပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၂၃

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီ တည်ထောင်ခွင့်လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ဦးသိန်းညွန့်ပါ ၂၀ ဦးတို့က လျှောက်ထားသည့် အမျိုးသားဒီမိုကရေစီပါတီသစ် (New National Democracy Party) တည်ထောင်ခွင့် လျှောက်ထားချက်သည် ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း တွေ့ရှိရသဖြင့် ကော်မရှင်က ၂၀၁၁ခုနှစ် ဩဂုတ် ၂၃ရက်တွင် နိုင်ငံရေးပါတီတည်ထောင်ခွင့်ပြုခဲ့သည်။ (သတင်းစဉ်)

အိန္ဒိယသမ္မတနိုင်ငံ သမ္မတထံ သံအမတ်ကြီး ဦးဇင်ယော်က ၎င်း၏ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဩဂုတ် ၂၄

အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးဇင်ယော်သည် ၎င်း၏ ခန့်အပ်လွှာကို ဩဂုတ် ၁၂ ရက်တွင် နယူးဒေလီမြို့၌ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ် ပရာတီဘာ ဒေဗီဆင်း ပတေးလ်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ (သတင်းစဉ်)

အမှတ်(၂) စက်မှုဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဩဂုတ် ၂၃

စက်မှုလုပ်ငန်းများ တိုးတက်ရန် နိုင်ငံတော်က ပံ့ပိုးကူညီအားပေးနေသကဲ့သို့ မိမိတို့ဘက်ကလည်း တိုးတက်ချင်သည့်စိတ်ဆန္ဒ ပြင်းပြစွာဖြင့် ဟန်ချက်ညီညီ ကြိုးစားကြရမည် ဖြစ်ကြောင်း၊ လုပ်ငန်းဌာနစက်ရုံများအလိုက် တာဝန်ကျေပွန်ကြရန် လိုကြောင်း၊ လုပ်ငန်းများကို တွန်းတွန်းတိုက်တိုက် ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ဝယ်ယူမှု၊ ထုတ်လုပ်မှုနှင့် ရောင်းချမှု သုံးခုစလုံးကို ဟန်ချက်ညီညီ စီမံခန့်ခွဲတတ်ရန်လိုကြောင်း၊ စက်ရုံမှူးများသည် လုပ်ငန်းတိုးတက်ရန်အတွက် တီထွင်ဖန်တီးလုပ်ကိုင် တတ်ကြရန်လိုကြောင်း၊ စက်ရုံမှူးများ၏ စွမ်းဆောင်နိုင်မှု၊ ဦးဆောင်မှုများသည် အလွန်အရေးကြီးကြောင်း၊ စဉ်းစားတွေးခေါ်မှု၊ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မှုများရှိမှ တိုးတက်မည်ဖြစ်ကြောင်းဖြင့် အမှတ်(၂) စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ဩဂုတ် ၂၂ ရက် နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည့် အမှတ်(၂) စက်မှုဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ထုတ်ကုန်များ ISO Standard အဆင့်ရရှိအောင် ကြိုးစားကြရမည် ဖြစ်ကြောင်း၊ စက်မှုထုတ်ကုန်များကိုရောင်း၍ရအောင် ထုတ်လုပ်ကြရမည် ဖြစ်ကြောင်း၊ ဈေးကွက်ကို အလေးအနက်ထား မျက်ခြည်မပြတ်စောင့်ကြည့်ပြီး ရှင်သန်အောင် ကြိုးစားကြရမည်ဖြစ်ကြောင်း၊ စက်မှု သင်တန်းကျောင်းများသည် မြန်မာနိုင်ငံ၏ စက်မှုကဏ္ဍအတွက် လိုအပ်သည့် လူသားအရင်းအမြစ် စက်မှုကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေးအတွက် အရေးကြီးကြောင်း၊ သင်တန်းသားများအား အလေးအနက်ထား သင်ကြားလေ့ကျင့်ပေးကြရမည် ဖြစ်ကြောင်းဖြင့် ဆက်လက်ဆွေးနွေးပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသူများက ၎င်းတို့၏ ဌာန၊ လုပ်ငန်း၊ စက်ရုံနှင့် စက်မှုသင်တန်းကျောင်းများအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီး ဦးမျိုးအောင်က ဌာန၊ လုပ်ငန်း၊ စက်ရုံနှင့် စက်မှုသင်တန်းကျောင်းများအလိုက် ဆောင်ရွက်ချက်များနှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအပေါ် သုံးသပ်ရှင်းလင်းဆွေးနွေးခဲ့သည်။

အစည်းအဝေး ဒုတိယနေ့ အစီအစဉ်ကို ယနေ့နံနက် ၈ နာရီတွင် ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက ကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်သကဲ့သို့ လူ့စွမ်းအားအရင်းအမြစ်လည်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ တစ်ဦးတစ်ယောက်တည်း တော်နေ ကြိုးစားနေ၍မရဘဲ အဖွဲ့အစည်းအလိုက် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် တိုးတက်အောင်မြင်အောင် ကြိုးစားကြရမည်ဖြစ်ကြောင်း၊ အမြဲတမ်းစဉ်းစားတွေးခေါ်လုပ်ကိုင်နေမှ တိုးတက်လာမည်ဖြစ်ပြီး နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် အကျိုးပြုသော အဖွဲ့အစည်းတစ်ခု ဖြစ်လာမည်ဖြစ်ကြောင်း၊ ပြင်းပြသောဆန္ဒရှိပြီး ထူးကဲသည့် ဝီရိယ၊ ဖြောင့်မတ်၍ ထက်သန်သည့်စိတ်ဓာတ်၊ ထက်မြက်သောပညာများဖြင့် လုပ်ကိုင်ဆောင်ရွက်ကြရေးနှင့် ခေတ်မီစက်မှုနိုင်ငံတော် တည်ဆောက်ရေးအတွက် တက်ညီလက်ညီ ကြိုးပမ်းအားထုတ်ဆောင်ရွက်ကြရန် လိုကြောင်းဖြင့် ဆွေးနွေးမှာကြားခဲ့သည်။ (သတင်းစဉ်)

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဧည့်လမ်းညွှန်လုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဩဂုတ် ၂၃

ဧည့်လမ်းညွှန်များသည် နိုင်ငံတစ်နိုင်ငံ၏ သမိုင်း၊ နိုင်ငံ၏ ပြယုဂ်၊ နိုင်ငံ၏ သဘောထားအနက်အဓိပ္ပာယ်ကို ဖော်ညွှန်းနိုင်စွမ်းသည့်သူများဖြစ်သကဲ့သို့ နိုင်ငံ၏သံတမန်အဖြစ် တင်စားခံရသည့် ပုဂ္ဂိုလ်များလည်းဖြစ်ကြောင်း၊ နိုင်ငံ၏ အနက်အဓိပ္ပာယ်ကို ဖော်ညွှန်းနိုင်စွမ်းသည့် ဧည့်လမ်းညွှန်များအနေဖြင့် မိမိ၏လုပ်ငန်းအပေါ်တွင် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာ၊ မိမိလုပ်ငန်း၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းပြီး လုပ်ငန်းဆောင်ရွက်ခဲ့ကြသည့်အတွက် မြန်မာ့ဧည့်လမ်းညွှန်များ၏ ကောင်းမွန်သည့် ဂုဏ်သတင်းသည် အများအယွင်းနည်းစွာဖြင့် မြန်မာ့ခရီးသွားလုပ်ငန်းလောကသည် အတိုင်းအတာတစ်ခုအထိ အောင်မြင်မှုရရှိခဲ့ပြီဖြစ်ကြောင်းဖြင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးရုံး ကျောက်စိမ်းခန်းမ၌ ကျင်းပသည့် ဧည့်လမ်းညွှန်လုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ၌ ဆွေးနွေးပြောကြားသည်။

ထို့အပြင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန အနေဖြင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အလားအလာကောင်းများကို ဖော်ဆောင်ပြီး နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒများအပေါ် အခြေခံကာ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းဆောင်ရွက်သွားရန် သန္နိဋ္ဌာန်ချပြီး ဆောင်ရွက်လျက်ရှိကြောင်းဖြင့် ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် ယနေ့အထိ လုပ်ငန်းလိုင်စင် ခွင့်ပြုခဲ့သည့် ဧည့်လမ်းညွှန် ၇၇၃၂ ဦးရှိပြီး အကြောင်းကြောင်းကြောင့် လုပ်ငန်းဆက်လက်ဆောင်ရွက်မှု မရှိတော့သည့်သူများ သက်တမ်းတိုးဆောင်ရွက်မှု မပြုနိုင်တော့သည့် အခြေအနေများကြောင့် လက်ရှိ သက်ဝင်လှုပ်ရှားလုပ်ငန်းဆောင်ရွက်နေသည့် ဧည့်လမ်းညွှန် ၃၁၅၃ ဦးသာ ကျန်ရှိကြောင်း သိရှိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ၂၀၁၀ ခုနှစ် မြန်မာနိုင်ငံသို့ နိုင်ငံခြားဧည့်သည်နှင့် ကမ္ဘာလှည့်ခရီးသွားအများဆုံး လာရောက်နိုင်စေရန်အတွက် ခရီးသွားလုပ်ငန်းစွမ်းဆောင်ရည် ပထမဆုရ Asian Trails Tour Ltd. မှ အထွေထွေမန်နေဂျာ ဒေါ်ခင်မြတ်စန္ဒာ၊ ဒုတိယဆုရ Exotissimo Travel Co.,Ltd. မှ အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်စုစုတင်နှင့် တတိယဆုရ Diethelm Travel Ltd. မှ အထွေထွေမန်နေဂျာ ဒေါ်သန့်သန့်ဆွေတို့အား ဂုဏ်ပြုဆုတံဆိပ်မှတ်တမ်းများကို ပေးအပ်ချီးမြှင့်သည်။

ဧည့်လမ်းညွှန်လုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ရန်ကုန်ဇုန်၊ မန္တလေးဇုန်၊ တောင်ကြီးဇုန်နှင့် ပုဂံဇုန်တို့မှ ဧည့်လမ်းညွှန် ၁၁ ဦးတို့က ဧည့်လမ်းညွှန်များနှင့် ခရီးသွားလုပ်ငန်းရှင်တို့၏ မြန်မာ့ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးနှင့် ဧည့်လမ်းညွှန်များ၏ အခက်အခဲများနှင့် ဆန္ဒများကို စာတမ်းများ တင်သွင်းဖတ်ကြားကြကြောင်း သိရှိရသည်။

ယင်းနောက် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဒုတိယဝန်ကြီး ဦးဌေးအောင်က အလုပ်ရုံဆွေးနွေးပွဲအပေါ် သုံးသပ်ဆွေးနွေး တင်ပြခဲ့သည်။ (သတင်းစဉ်)

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း ၂၀၁၀ ခုနှစ် မြန်မာနိုင်ငံသို့ နိုင်ငံခြားဧည့်သည်နှင့် ကမ္ဘာလှည့်ခရီးသွား အများဆုံးလာရောက်နိုင်စေရန်အတွက် ခရီးသွားလုပ်ငန်းစွမ်းဆောင်ရည် ပထမဆုရ Asian Trails Tour Ltd. မှ အထွေထွေမန်နေဂျာ ဒေါ်ခင်မြတ်စန္ဒာအား ဂုဏ်ပြုဆုတံဆိပ် ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ပြည်သူ့ထံမှ ပေးစာ

ဆိုင်လခ တစ်လတစ်ကြိမ် ကောက်စေလို

စာတည်းရှင့်-

ရန်ကုန်မြို့ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် (၃၉)ရပ်ကွက် အမှတ်(၅) ဈေးတွင် ယခင်က တစ်လတစ်ခါပေးနေရသော ဆိုင်လခကို သုံးလအတွက် တစ်ကြိမ်တည်း ကောက်ခံနေပါသဖြင့် ဈေးသည်များ အခက်အခဲများ ကြုံတွေ့နေကြရပါသဖြင့် သက်ဆိုင်ရာမှ စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ဈေးသည်များ

ရေမြှုပ်များကြောင့် မီးဘေးစိုးရိမ်ရ

စာတည်းခင်ဗျား-

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် (၃၈)လမ်း ပလာဇာဈေးသစ်ကြီး အောက်ဆုံးထပ်တွင် ရေမြှုပ်များကို ဂိုဒေါင်အပြည့် သိုလှောင်ရောင်းချလျက်ရှိရာ ရေမြှုပ်များ တစ်နေ့ထက်တစ်နေ့ မြင့်တက်လာမှုကြောင့် လေဝင်လေထွက် မကောင်းဘဲ ပတ်ဝန်းကျင်နေသူများ ကျန်းမာရေးထိခိုက်စေသည့်အပြင် မီးဘေးအန္တရာယ် စိုးရိမ်နေရပါသဖြင့် သက်ဆိုင်ရာမှ စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ဈေးသူ၊ ဈေးသားများ

မှတ်သားဖွယ်ရာ မိုးရေချိန်များ (၂၃-၈-၂၀၁၁)

နေပြည်တော်(တပ်ကုန်း)	၁	ဒသမ	၅၈	လက်မ
ဟုမ္မလင်း	၄	ဒသမ	၁၃	လက်မ
မာန်အောင်	၃	ဒသမ	၆၂	လက်မ

စက္ခုဒါနဆေးရုံ၌ မျက်စိဝေဒနာရှင်များ အခမဲ့ခွဲစိတ်ကုသ

ရန်ကုန် ဩဂုတ် ၂၃

လူမှုရေးအသင်းအဖွဲ့များ အနေဖြင့် ယခုအခါ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်လျက်ရှိကြသည်။

စစ်ကိုင်းတောင်ရိုး သီတဂူ အဓိပတိ ဆရာတော်၏ ဦးဆောင်မှုဖြင့် ဖွင့်လှစ်ခဲ့သော ကလေးမြို့ရှိ သီတဂူ စက္ခုဒါန ဆေးရုံတော်၌ မျက်စိဝေဒနာရှင်များအား စမ်းသပ်ခွဲစိတ် ကုသမှုများပြုလုပ်ခဲ့ကြရာ ယခုအခါ ပဥ္စမအကြိမ်အဖြစ် ဒေသအတွင်း မျက်စိစမ်းသပ်ခွဲစိတ်မှုသည် ဇူလိုင်လကုန်ပိုင်းအထိ မျက်စိဝေဒနာရှင် ၉၁၄ ဦးတို့အား ကုသပေးခဲ့ပြီးဖြစ်သည်။

အဆိုပါ ကလေးမြို့ သီတဂူ စက္ခုဌာန ဆေးရုံတော်မှ မျက်စိဝေဒနာရှင်များအား စမ်းသပ်ဆေးကုသမှုလုပ်ငန်းများကို ၂၀၀၉ ခုနှစ် နှစ်ဆန်းပိုင်းမှ စတင်ခဲ့ခြင်းဖြစ်သည်။ ကလေးမြို့ သီတဂူ စက္ခုဒါနဆေးရုံတော်ကို ဒေသခံစေတနာရှင်တို့က မတည်၍ စတင်ဆောက်လုပ်ခဲ့ပြီး သီတဂူဆရာတော်က ဆေးရုံသုံးပရိဘောဂများ ဆေးရုံးသုံးပစ္စည်းများ၊ ဆေးဝါးများ လှူဒါန်းခဲ့ကြောင်း သိရသည်။

(ဒေါ်ဥမ္မာသန့်-သတင်းစဉ်)

အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယရေတပ်ဦးစီးချုပ်နှင့် ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ ရောက်ရှိ

ရန်ကုန် ဩဂုတ် ၂၃

အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယရေတပ်ဦးစီးချုပ် Admiral Nirmal Verma, PVSM, AVSM, ADC, Chairman COSC & CNS နှင့်ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၃ နာရီ မိနစ် ၄၀တွင် ရန်ကုန်မြို့သို့ အိန္ဒိယလေတပ်လေယာဉ်ဖြင့် ရောက်ရှိလာကြသည်။

အဆိုပါ အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယရေတပ်ဦးစီးချုပ်နှင့်ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ညေဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ် တင်အောင်စန်းနှင့်ဇနီး၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Dr. Villur Sundararajan Seshadri ၊ စစ်သံမှူး Col. Rajesh Kumar နှင့် ဇနီး၊ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

(သတင်းစဉ်)

အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယရေတပ်ဦးစီးချုပ် Admiral Nirmal Verma, PVSM, AVSM, ADC, Chairman COSC & CNS နှင့် ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ညေဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ် တင်အောင်စန်းနှင့် တာဝန်ရှိသူများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

ပြည်တွင်းပြည်ပအားကစားသတင်းများ

အောင်ပွဲရ ဝူရှူး အားကစားအဖွဲ့အား ကြိုဆို

ရန်ကုန် ဩဂုတ် ၂၃

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့၌ ဩဂုတ် ၁၉ ရက်မှ ၂၁ ရက်အထိ ကျင်းပခဲ့သည့် (၆)ကြိမ်မြောက် အာရှလူငယ် ဝူရှူးတံခွန်စိုက်ပြိုင်ပွဲတွင် ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်ရှစ်ခုနှင့် ကြေးတံဆိပ် ခြောက်ခု ရရှိခဲ့သော အောင်ပွဲရ မြန်မာလူငယ် ဝူရှူးအားကစားအဖွဲ့သည် ယမန်နေ့ညနေ ၆ နာရီ ၄၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာကြရာ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဟန်မင်းထွန်းနှင့် အမှုဆောင်များ၊ ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုကြသည်။

အောင်ပွဲရ မြန်မာဝူရှူး အားကစားအဖွဲ့သည် အမျိုးသားတစ်ဦးချင်း တုတ်ရှည်ပြိုင်ပွဲ၌ စိန်သီဟအောင်က ရွှေတံဆိပ်တစ်ခု၊ အမျိုးသမီးတစ်ဦးချင်း နန်းကွန့်ပြိုင်ပွဲ၌ အေးသစ္စာမြင့်က ရွှေတံဆိပ်တစ်ခု၊ နန်းချွမ်ပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ခုနှင့် နန်းသောင်းပြိုင်ပွဲတွင် ကြေးတံဆိပ်တစ်ခု၊ အမျိုးသားဓားမောက်နှင့် တုတ်ရှည်ပြိုင်ပွဲ၌ ကျော်ဇင်သစ်က ငွေတံဆိပ်နှစ်ခု၊ အမျိုးသား နန်းချွမ်ပြိုင်ပွဲ၌ ဝီလျံသိန်းထွန်းက ငွေတံဆိပ်တစ်ခု၊ အမျိုးသမီး နှစ်ဖက်သွားဓားနှင့် လှံရှည်ပြိုင်ပွဲ၌ မြတ်သက်ဆုဝေဖြိုးက ငွေတံဆိပ်နှစ်ခု၊ အမျိုးသမီးနန်းကွန့်ပြိုင်ပွဲ၌ သန့်စူစန်က ငွေတံဆိပ်တစ်ခု၊ အမျိုးသမီး နှစ်ယောက်တွဲတိုက်ပြိုင်ပွဲ၌ မြတ်သက်ဆုဝေဖြိုးနှင့် သန့်စူစန်က ငွေတံဆိပ်တစ်ခု၊ အမျိုးသားဓားမောက်ပြိုင်ပွဲ၌ ဝင်းမော်ဦးက ကြေးတံဆိပ်တစ်ခု၊ အမျိုးသားတုတ်ရှည်ပြိုင်ပွဲ၌ သူထူးစံက ကြေးတံဆိပ်တစ်ခု၊ အမျိုးသား ၄၈ ကီလိုတန်း ဆန်းဆိုပြိုင်ပွဲတွင် ဝေယံလင်းက ကြေးတံဆိပ်တစ်ခု၊ အမျိုးသမီး ၅၂ ကီလိုတန်း ဆန်းဆိုပြိုင်ပွဲတွင် စုလှိုင်ဦးက ကြေးတံဆိပ်တစ်ခု၊ အမျိုးသားနှစ်ယောက်တွဲတိုက် ပြိုင်ပွဲ၌ ကျော်ဇင်သစ်နှင့် ဝီလျံသိန်းထွန်းတို့က ကြေးတံဆိပ်တစ်ခုတို့ ရရှိခဲ့ကြသည်။ (သတင်းစဉ်)

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် လက်ဝှေ့လူရွေးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၃

၂၀၁၁ ခုနှစ် မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား အမျိုးသားတံခွန်စိုက်လက်ဝှေ့ပြိုင်ပွဲနှင့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် လက်ဝှေ့လူရွေးပြိုင်ပွဲ၊ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယမန်နေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူအားကစားရုံ၌ ကျင်းပသည်။

ဗိုလ်လုပွဲများအဖြစ် အမျိုးသားသက်ငယ်တန်း ၄၀၊ ၄၄၊ ၄၆၊ ၅၀၊ ၅၇ ကီလိုတန်းပြိုင်ပွဲများနှင့် အမျိုးသမီး ၄၈၊ ၅၁ ကီလိုတန်းပြိုင်ပွဲများ ကျင်းပခဲ့ပြီး ဆုရရှိသူများအား မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် အမှုဆောင်များနှင့် မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် အတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီတို့က ဆုများပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ အမျိုးသားအလွတ်တန်း ၄၆ ကီလိုတန်း၊ အမျိုးသမီး ၆၄ ကီလိုတန်းပြိုင်ပွဲ၊ အမျိုးသား အလွတ်တန်း ၆၉ နှင့် ၇၅ ကီလိုတန်းပြိုင်ပွဲတို့တွင် ဆုရရှိသူများအား မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အထွေထွေအတွင်းရေးမှူးတို့က ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမျိုးသား အလွတ်တန်း ၈၁ ကီလိုတန်းပြိုင်ပွဲ၌ ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် လက်ဝှေ့အားကစားနည်း တာဝန်ခံနာယက ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဇနီး ဒေါ်ခင်သန်းဝင်းကိုယ်စား မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် အတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီက နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသော အင်ဒိုနီးရှားသမ္မတဖလား လက်ဝှေ့ပြိုင်ပွဲ၌ ငွေတံဆိပ်ရရှိခဲ့သော ကြူကြူလှိုင်၊ ကြေးတံဆိပ်ရရှိခဲ့သော ကြူကြူသင်းနှင့် အမျိုးသမီး ကမ္ဘာ့တံခွန်စိုက် လက်ဝှေ့ပြိုင်ပွဲတွင် အဆင့်(၅)ရရှိခဲ့သော မနန်းသက်ထားစံတို့အား ဂုဏ်ပြုဆုငွေကျပ်တစ်သိန်းနှင့် အာဟာရဖြည့်တင်းရန်အတွက် ငွေကျပ်တစ်သိန်း စုစုပေါင်းငွေကျပ်နှစ်သိန်းကို ပေးအပ်ချီးမြှင့်ခဲ့သည်။ (သတင်းစဉ်)

ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ လယ်ယာ/ဆည်မြောင်း ဗိုလ်လုပွဲတက်

နေပြည်တော် ဩဂုတ် ၂၃

အားကစားဝန်ကြီး ဌာနနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ် ကျင်းပသော ၂၀၁၁ ခုနှစ် ပဥ္စမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအကြိုဗိုလ်လုပွဲ ပွဲစဉ်ကို နေပြည်တော် အမှတ်(၂) အားကစားပြိုင်ပွဲကွင်း၌ ဆက်လက်ကျင်းပရာ လယ်ယာ/ ဆည်မြောင်းဝန်ကြီးဌာန အသင်းက ဘဏ္ဍာ/ အခွန်ဝန်ကြီးဌာနအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

လယ်ယာ/ဆည်မြောင်းဝန်ကြီးဌာန အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို သူရကိုကိုက သွင်းယူခဲ့ခြင်းဖြစ်သည်။

ဩဂုတ် ၂၅ ရက်
(တတိယနေရာလုပွဲ)
ဟိုတယ်/ခရီး နှင့် ဘဏ္ဍာ/အခွန်
ဩဂုတ် ၂၆ ရက်
(ဗိုလ်လုပွဲ)
လယ်ယာ/ဆည်မြောင်း နှင့် ဆောက်လုပ်ရေး

(၁၀၇)

ဘော်လီဘောပြိုင်ပွဲ ရှမ်းအမျိုးသားနှင့် မန္တလေးအမျိုးသမီး ဗိုလ်စွဲ

သတင်းမှတ်စုနှင့်ဓာတ်ပုံ-ရှိုင်းထက်ဇော်

ရန်ကုန် ဩဂုတ် ၂၃

၂၀၁၁ ခုနှစ် (၄၁) ကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ် ဘော်လီဘောပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ယမန်နေ့ နံနက် ၉ နာရီတွင် အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံ ခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ် အမျိုးသားအသင်းနှင့် မန္တလေးတိုင်းဒေသကြီး အမျိုးသမီးအသင်းတို့ ဗိုလ်စွဲသွားကြသည်။

အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် ပထမဆုရ ရှမ်းပြည်နယ် အမျိုးသားအသင်းအား တံခွန်စိုက်ဒိုင်းချီးမြှင့်စဉ်။

အမျိုးသားဗိုလ်လုပွဲတွင် ရှမ်းပြည်နယ်အသင်းက ရန်ကုန်အသင်းကို ၂၂-၂၅ မှတ်၊ ၂၅-၁၉ မှတ်၊ ၂၅-၂၁ မှတ်၊ ၂၅-၂၃ မှတ် သုံးပွဲ-တစ်ပွဲဖြင့် အနိုင်ရရှိသွားသည်။ ရှမ်း(တောင်)အသင်းသည် ပထမပွဲငယ်တွင် ရှုံးနိမ့်ခဲ့သော်လည်း ပွဲငယ်သုံးပွဲဆက် အနိုင်ရရှိကာ ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ အမျိုးသမီးဗိုလ်လုပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို ၂၅-၁၄ မှတ်၊ ၂၀-၂၅ မှတ်၊ ၂၅-၁၂ မှတ်၊ ၂၅-၁၉ မှတ် သုံးပွဲ-တစ်ပွဲဖြင့် အနိုင်ရရှိခဲ့သည်။

ရှေးဦးစွာ ဆုချီးမြှင့်ပွဲတွင် အမျိုးသမီးပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုရ ရန်ကုန်တိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်၊ အမျိုးသားပြိုင်ပွဲ၌ ပထမဆုရ ရှမ်းပြည်နယ်၊ ဒုတိယဆုရ ရန်ကုန်တိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရ ဧရာဝတီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး၊ အကောင်းဆုံးအားကစားသမားဆုရ အမျိုးသမီး ခင်သက်ဝေ (မန္တလေး)နှင့် အမျိုးသား သိန်းဟန် (ရှမ်းပြည်နယ်)တို့အား မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဝင်းနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီတို့က ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမျိုးသမီးပြိုင်ပွဲ ပထမဆုရ မန္တလေးတိုင်းဒေသကြီး အသင်းနှင့် အမျိုးသားပြိုင်ပွဲ ပထမဆုရ ရှမ်းပြည်နယ်အသင်းတို့အား တံခွန်စိုက်ဒိုင်းနှင့် ဆင့်ပွားဒိုင်းတို့ကို ပေးအပ်ချီးမြှင့်သည်။

ကမ္ဘာတစ်လွှား ယခုတစ်ပတ်ကျင်းပမည့် အားကစားပြိုင်ပွဲကြီးများ

ပြေးခုန်ပစ်
ကမ္ဘာ့ချန်ပီယံပြိုင်ပွဲ
ဒေဂူ၊ တောင်ကိုရီးယား
(ဩဂုတ် ၂၇ မှ စက်တင်ဘာ ၄)
မြင်းစီးပြိုင်ပွဲ
ဥရောပချန်ပီယံပြိုင်ပွဲ
လူးမူးလန်း၊ ဂျာမနီ
(ဩဂုတ် ၂၃ မှ ၂၉)
ဟော်ကီ
ဥရောပချန်ပီယံပြိုင်ပွဲ
မွန်ချန်ဂလက်ဘက်ချ်၊ ဂျာမနီ
(ဩဂုတ် ၂၀ မှ ၂၈)
ဂျူဒို
ကမ္ဘာ့ချန်ပီယံပြိုင်ပွဲ
ပါရီ၊ ပြင်သစ်
(ဩဂုတ် ၂၃ မှ ၂၈)
ဘော်လီဘော
ကမ္ဘာ့ဂရင်းပရီဗိုလ်လုပွဲစဉ်များ
မကာအို၊ တရုတ်
(ဩဂုတ် ၂၄ မှ ၂၈)



မန်ယူအတွက် အဖွင့်ဂိုးကို ဒင်နီဝဲလ်ဘက် ဤကဲ့သို့ ခေါင်းတိုက်သွင်းယူခဲ့သည်။

အိုးထရက်ဖို့ဒ်တွင် မန်ယူပရိသတ်များ အပြည့်အဝပျော်ရွှင်ခွင့်ရ

မန်ချက်စတာ ဩဂုတ် ၂၃

အင်္ဂလိပ်ပရီမီယာလိဂ်ပွဲစဉ်(၂)၏ လက်ကျန်ပွဲဖြစ်သည့် မန်ယူနှင့်စပါးတို့၏ပွဲကို အင်္ဂါနေ့နံနက်ပိုင်းက အိုးထရက်ဖို့ဒ်၌ ကျင်းပခဲ့ရာ မန်ယူက သုံးဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရပြီး အိမ်ရှင်ပရိသတ်အပေါ် အပြည့်အဝပျော်ရွှင်မှုကို ပေးစွမ်းနိုင်ခဲ့သည်။

ပထမပိုင်းတွင် စပါးအသင်းကွင်းလယ် အကောင်းဆုံးပုံစံဖြင့် မန်ယူအသင်းဘက်ကို ထိုးဖောက်တိုက်စစ်ဆင်နိုင်ခဲ့သော်လည်း ဒုတိယပိုင်းတွင် မန်ယူကခြေစွမ်းအသာ၊ ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် စပါးဘက်ကို ဖိအားပေးကာ တရစပ်တိုက်စစ်ဆင်နိုင်ခဲ့သည်။ မန်ယူအသင်း၏ ပထမပွဲထွက်လူစာရင်းတွင် ဒေးဗစ် ဒီဂီယာ၊ အီဗန်စ်၊ ဖီးလ်ဂျုံးစ်၊ အီဗရာ၊ စမောလင်း၊ အန်ဒါဆင်၊ ကလီဗာလေ၊ အက်ရှ်လေယန်း၊ နာနီ၊ ဝိန်းရွန်နေးနှင့် ဒင်နီဝဲလ်ဘက်တို့ ပါဝင်ကစားသွားခဲ့သည်။ ယခုပွဲတွင် မန်ယူအတွက် ဂိုးများကို ပွဲချိန် ၆၁ မိနစ်တွင် ဒင်နီဝဲလ်ဘက်၊ ၇၆ မိနစ်တွင် အန်ဒါဆင်နှင့် ၈၇ မိနစ်တွင် ဝိန်းရွန်နေးတို့က သွင်းယူခဲ့သည်။

အင်တာနက်။

နေပြည်တော် အိမ်ကွင်းတွင် ဉဿာယူနိုက်တက် အနိုင်ရရှိ

နေပြည်တော် ဩဂုတ် ၂၃

မြန်မာနေရှင်နယ်လိဂ် ဒုတိယအကျော့ ပတ်လည်ပြိုင်ပွဲ ပွဲစဉ် ၉၀ ကို နေပြည်တော်အသင်း အိမ်ကွင်း၌ ယနေ့ညနေ ၄ နာရီက ဆက်လက်ကျင်းပရာ ဉဿာယူနိုက်တက်အသင်းက အိမ်ရှင် နေပြည်တော်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဉဿာယူနိုက်တက်အတွက် ဂိုးများကို ကျော်ဇေယျ(နှစ်ဂိုး)နှင့် နီမောင်မောင်အောင်တို့က သွင်းယူခဲ့ပြီး နေပြည်တော်အသင်းအတွက် စထက်နိုင်ဝင်းနှင့် ပြည့်ဖြိုးဦးတို့က သွင်းယူခဲ့သည်။ (၁၀၇)

အာစင်ဝင်းဂါး ပွဲကြီးကြပ်ခွင့် နှစ်ပွဲ ပိတ်ပင်ခံရပြန်

လန်ဒန် ဩဂုတ် ၂၃

အာဆင်နယ်အသင်း၏ နည်းပြ အာစင်ဝင်းဂါးကို ယူအီးအက်ဖ်အေက ဥရောပပြိုင်ပွဲကြီးကြပ်ခွင့် နှစ်ပွဲ ပိတ်ပင်လိုက်သည်။

အာစင်ဝင်းဂါးသည် ချန်ပီယံလိဂ် ခြေစစ်ပွဲ ပထမအကျော့ပွဲစဉ်အဖြစ် ဩဂုတ် ၁၆ ရက်က အီတလီကလပ် အူဒီးနိစ်နှင့် ကစားခဲ့သည့်ပွဲတွင် အသင်းနှင့်တိုက်ရိုက်ဆက်သွယ်ခွင့် ပိတ်ထားသည်ကို ချိုးဖောက်ခဲ့သဖြင့် ယခု ယူအီးအက်ဖ်အေက ၎င်းကို ပွဲကြီးကြပ်ခွင့်နှစ်ပွဲ ထပ်မံပိတ်ပင်လိုက်ခြင်းဖြစ်သည်။

ထို့ပြင် ယူအီးအက်ဖ်အေက အာစင်ဝင်းဂါးကို ယူရို ၁၀၀၀၀ ပေးဆောင်ရန် ဒဏ်ရိုက်ခဲ့သည်။ အာစင်ဝင်းဂါးသည် ဩဂုတ် ၂၄ ရက်တွင် အူဒီးနိစ်အသင်းနှင့် ကစားရမည့် ချန်ပီယံလိဂ်ခြေစစ်ပွဲ ဒုတိယကျော့ကို ပွဲကြည့်စင်မှသာ ကြည့်ရှုခွင့်ရတော့မည်ဖြစ်သည်။ **အင်တာနက်။**

ဥရောပပြိုင်ပွဲကြီးကြပ်ခွင့် နှစ်ပွဲ ပိတ်ပင်ခံရသည့်အာစင်ဝင်းဂါး။

ချယ်လ်ဆီးစတား မီခေးလ်၏ဖခင် ပြန်လည်လွတ်မြောက်လာ

အဗူဂျာ ဩဂုတ် ၂၃

ချယ်လ်ဆီးအသင်း၏ ကွင်းလယ်ကစားသမား နိုက်ဂျီးရီးယားနိုင်ငံသား မီခေးလ်၏ဖခင် မိုက်ကယ်အိုဘီသည် ပြန်ပေးသမားများ၏လက်မှ ယမန်နေ့က ပြန်လည်လွတ်မြောက်လာခဲ့ပြီဖြစ်သည်။

ချယ်လ်ဆီးစတား မီခေးလ်၏ဖခင်သည် ဩဂုတ် ၁၂ ရက်က ပြန်ပေးဆွဲခံခဲ့ရသည်။ ရဲတပ်ဖွဲ့ဝင်များက ပြန်ပေးစခန်းကို ဝင်ရောက်စီးနင်းတိုက်ခိုက်ပြီး ကယ်တင်ခဲ့ရသည်ဟုဆိုသည်။ ပြန်ပေးဆွဲခံရပြီး ၁၀ ရက်ကြာမှ ပြန်လည်လွတ်မြောက်လာသည့် မီခေးလ်၏ဖခင် မိုက်ကယ်အိုဘီ**(ဝဲပုံ)**သည် ပြန်ပေးစခန်းတွင် ရိုက်နှက်ခြင်းခံခဲ့ရသည်ဟု ပြောဆိုခဲ့သည်။ မီခေးလ်၏ ကိုယ်စားလှယ်ကုမ္ပဏီဖြစ်သည့် Sport Entertainment & Media Group (SEM) က မိုက်ကယ်အိုဘီ ပြန်လည်လွတ်မြောက်လာသည့်သတင်းကို အတည်ပြုဖော်ပြခဲ့ပြီး နိုက်ဂျီးရီးယား ရဲတပ်ဖွဲ့ဝင်များအပါအဝင် အားလုံးကို ကျေးဇူးတင်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အင်တာနက်။

ဟန်သစ်

လားရှိုးမြို့ မြို့တော်ခန်းမ ၂၁.၉.၁၁ မှ ၂၅.၉.၁၁
ကုန်စည်ပြပွဲကြီး (ရှမ်းပြည်နယ်)
မိုးကောင်းကြီးမြို့ မြို့တော်ခန်းမ ၁၉.၁၀.၁၁ မှ ၂၃.၁၀.၁၁
ဖြန့်နံ့စပ်းရန်-SMART BUSINESS GROUP- Ph : 01 527583 ,09 73014777.



ပျောက်ဆုံးခြင်း

East Asia Power Mining Co.,Ltd၏ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်နှင့် ထုတ်ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ်မူရင်းများ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါကအကြောင်းကြားပေးပါရန်။

ဖုန်း-၆၈၄၃၇၇၊ ၀၉-၅၁၉၅၀၁၃

အမည်ပြောင်း

ဦးဇော်ဦး၏သား ရန်ကုန်မြို့၊ ရန်ကင်းပညာရေးကောလိပ် လေ့ကျင့်ရေး အလယ်တန်းကျောင်း ဆဋ္ဌမတန်း(က)မှ မောင်ဘုန်းမြတ်ဇော်အား ယနေ့မှစ၍ မောင်ဘုန်းမြတ်ကိုကိုဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဘုန်းမြတ်ကိုကို

ဒုဋ္ဌဝတီမြစ်ရေအခြေအနေ

နေပြည်တော် ဩဂုတ် ၂၃

ဒုဋ္ဌဝတီမြစ်ရေသည် ယနေ့မွန်းလွဲ ၂ နာရီခွဲအချိန် တိုင်းထွာချက်အရ မြစ်ငယ်မြို့တွင် ၈၇၂စင်တီမီတာသို့ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၂ စင်တီမီတာ ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ် ၈၇၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

စာအုပ်စာပေ လူ့မိတ်ဆွေ

သွေးသည်အသက်

ဘောလခဲခရိုင်အတွင်းရှိ နိုင်ငံသား အရည်အချင်းပြည့်မီသူများအား မိုးပွင့်အဆင့်(၁)လုပ်ငန်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီးရရှိအောင် ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက ဆောင်ရွက်ပေးလျက်ရှိရာ ဇူလိုင် ၃၀ ရက်က ဘောလခဲခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ရေးအတွက် ခရိုင်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်နှင့် ဝန်ထမ်းများ ကွင်းဆင်းဆောင်ရွက်ပေးစဉ်။ (ကြေးမုံ)

လေယာဉ်မောင်/မယ်နှင့် ဧည့်ကြိုသင်တန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၂၃

နိုင်ငံတကာလေကြောင်းလိုင်းများတွင် လေယာဉ်မောင်အဖြစ် ဝင်ရောက်လုပ်ကိုင်လိုသူများနှင့် နိုင်ငံတကာဟိုတယ်များ သဘော်လိုင်းများတွင် ဧည့်ကြိုအဖြစ် ဝင်ရောက် လုပ်ကိုင်လိုသူများအတွက် ရည်ရွယ်၍ ဧည့်ကြိုနှင့် လေယာဉ်မောင် သင်တန်း အပတ်စဉ်အသစ်ကို ဩဂုတ်လနောက်ဆုံးပတ်အတွင်း မြန်မာ့ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းအဖွဲ့ (MTB) ၏ အသိအမှတ်ပြု Star Resources Hospitality & Tourism Management Academy ၌ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာဟိုတယ်ကြီးများနှင့် လေကြောင်းလိုင်းများတွင် အလုပ်အကိုင်ရရှိရန်အတွက်လည်း အခမဲ့ကူညီပေးပြီး လုပ်ငန်းခွင်ဝင်ရောက်နိုင်ရန် အင်တာဗျူးအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ပေးမည်ဖြစ်သည်။

နိုင်ငံတကာအဆင့် ဟိုတယ်၊ ဆေးရုံ၊ စားသောက်ဆိုင်လုပ်ငန်းများတွင် စီမံခန့်ခွဲရေးအဆင့်နှင့် ကိုယ်ပိုင်လုပ်ငန်းများ၌ စီမံအုပ်ချုပ်လိုသူများအတွက် ရည်ရွယ်၍ သင်တန်းအပတ်စဉ်အသစ်နှင့် IELTS Foundation Course နှင့် Preparation Course အပတ်စဉ်အသစ်ကိုလည်း ဩဂုတ်လနောက်ဆုံးပတ်အတွင်း ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။ သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ပြီး စိတ်ပါဝင်စားသူများအနေဖြင့် Star Resources Hospitality & Tourism Management Academy တိုက်(၂၆၇)အခန်း(၃၀၂) ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ဖုန်း-၀၁-၅၂၃၆၂၃၊၅၂၃၂၀၀တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။

(ကြေးမုံ)

ဩဂုတ် ၂၀ ရက်က အထက(၃) ဗိုလ်တထောင်တွင် ၂၀၁၀-၂၀၁၁ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ဆုပေးပွဲအပြီး ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာ ဂုဏ်ထူးရှင်လေးဦးအား ဆုယူအပြီး တွေ့ရစဉ်။ (ကြေးမုံ)

စမ်းချောင်းမြို့နယ် မိုးမခလမ်းနေ ကွယ်လွန်သူ ဦးအေးအား ရည်စူး၍ ဇနီး ဒေါ်ခင်၊ သမီး ဒေါက်တာသန်းသန်းစိုး၊ ဒေါက်တာနွယ်နွယ်စိုး၊ ဗိုလ်မှူးကျော်စွာထွန်း၊ မဥမ္မာစိုး၊ မြေး မောင်ကောင်းထက်စံ မိသားစုတို့က ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်းသို့ အလှူငွေကျပ်တစ်သိန်း လှူဒါန်းစဉ်။ (ကြေးမုံ)

နိုင်ငံတကာအနုပညာရပ်ဝန်း

လက်ထပ်ထိမ်းမြားခြင်းသည် အရေးမကြီးပါဟု ဆိုလာသူ ခရစ္စတင်း စတီးဝပ်

"အိမ်ထောင်ပြုခြင်းသည် ပြိုင်ပွဲတစ်ခုမဟုတ်ပါ။ သင်အမြဲတမ်းအချိန်မီရောက်ရှိနိုင်သည့်နေရာသာ ဖြစ်သည် "

ဟူသော ပညာရှိတစ်ဦး၏ အဆိုအမိန့်ကို နှစ်သက်သဘောကျသူ Twilight ဇာတ်ကားများဖြင့် နာမည်ကျော်ထင်ရှားလာသည့် ဟောလိဝုဒ်ငွေကြယ်ပွင့် ခရစ္စတင်းစတီးဝပ်က လက်ထပ်ထိမ်းမြားခြင်းသည် အလျင်စလို ဆောင်ရွက်ရမည့် ကိစ္စတစ်ရပ်အဖြစ် မိမိမထင်ကြောင်း ဂျာမန်မဂ္ဂဇင်းတစ်စောင်နှင့်

တွေ့ဆုံမေးမြန်းမှုတစ်ခုတွင် ထုတ်ဖော်ပြောကြားလိုက်သည်။

"တစ်ဦးကို တစ်ဦး ချစ်ခင်မြတ်နိုးကြတဲ့ ချစ်သူနှစ်ဦး နှစ်ကိုယ်တစ်စိတ်နဲ့ ဘဝတစ်ခုကိုဖြတ်သန်းရတာ သဘောကျပေမယ့် အသိသက်သေတွေ ရှေ့မှောက်မှာ လက်မှတ်ရေးထိုးရတဲ့ကိစ္စတွေကတော့ မလိုအပ်ဘူးထင်ပါတယ်" ဟု အချစ်ကိုဦးစားပေးသူ ခရစ္စတင်းစတီးဝပ်က ပြောကြားသည်။

ခရစ္စတင်းသည် Twilight ဇာတ်ကားတွင် တွဲဖက်သရုပ်ဆောင်ခဲ့သူ မင်းသား ရောဘတ်ပတ်တင်ဆန်နှင့် မေတ္တာမျှနေသူဖြစ်ပြီး မကြာသေးမီက ရောဘတ်ပတ်တင်ဆန်ထံမှ အမေရိကန်ဒေါ်လာ ၄၀၀၀၀ တန်ဖိုးရှိသော ရွှေနှင့်ပလတ်တီနမ်ရောစပ်ထားသည့် ရှေးဟောင်းလည်ဆွဲတစ်ခုကို ***"မင်းငါ့ကို မမြင်မတွေ့ရရင်တောင်မှ ငါ့အချစ်တွေက မင်းအတွက်အမြဲတမ်းရှိနေမှာပါ"*** ဟူသော ချစ်သဝဏ်လွှာနှင့်အတူ မေတ္တာလက်ဆောင် ရရှိထားသူဖြစ်သည်။

အင်တာနက်။

အေဝမ်းစိုး



အိုဘားမား စစ်ပွဲများစာအုပ်ထွက်ရှိ

စာရေးဆရာ ဟိန်းလတ်၏ အိုဘားမား၏ စစ်ပွဲများစာအုပ်ထွက်လာသည်။ ယင်းစာအုပ်သည် အမေရိကန်သမ္မတ အပါအဝင် ကာကွယ်ရေးဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီး၊ စစ်ဗိုလ်ချုပ်ကြီးများအားလုံးကို အင်တာဗျူးလုပ်ပြီး ရေးသားထားသောစာအုပ်ဖြစ်သည်။ အထူးသဖြင့် အိမ်ဖြူတော်အတွင်း စကားစစ်ထိုးပွဲများနှင့်

အာဖဂန်နစ္စတန်၊ ပါကစ္စတန် စစ်ပွဲများအတွင်းရေးကို ဖွင့်ထုတ်ရေးချထား သောစာအုပ်ဖြစ်သည်။ 'အမေရိကန်က ဒီစစ်ပွဲရှုံးရင် သမိုင်းအမှိုက်ပုံးထဲ ရောက်တော့မယ်'ဟု စာရေးသူက ရေးထားသည်။ ထိုအိုဘားမားစစ်ပွဲများ စာအုပ်ကို စာရေးဆရာဟိန်းလတ်က အတိအကျ ဘာသာပြန်ထားပြီး ဩကာသစာပေ အမှတ်(၄၇) (၁၀၈) လမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၅၅၀၁၇၂၅၊ ၀၉-၅၁၅၈၅၁၂၊ ၀၁-၂၀၆၀၇၃ မှ တစ်အုပ်လျှင် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် ဖြန့်ချိလိုက်သည်။

ကျေးဇူးတင်ပါတယ်ဖေဖေနှင့် ဆောင်းပါးပေါင်းချုပ်

စာအုပ် ထုတ်ဝေဖြန့်ချိ

အမျိုးသားစာပေဆုများရှင် စာရေးဆရာမကြီး ဒေါက်တာမတင်ဝင်း (ပညာရေးတက္ကသိုလ်) ရေးသားသည့် ကျေးဇူးတင်ပါတယ်ဖေဖေနှင့် ဆောင်းပါးပေါင်းချုပ်စာအုပ်ကို မြဝတီစာပေတိုက်က ထုတ်ဝေဖြန့်ချိလိုက်ကြောင်း

သိရသည်။ မြဝတီမဂ္ဂဇင်းနှင့် ငွေတာရီမဂ္ဂဇင်းများတွင် ရေးသားဖော်ပြပြီးဖြစ်သည့် ဆောင်းပါး ၆၂ ပုဒ်အား တပေါင်းတစည်းတည်း ဖော်ပြထားသဖြင့် စာဖတ်ပရိသတ်များအနေဖြင့် သုတ၊ ရသများကို တစ်ထိုင်တည်း ရရှိခံစားနိုင်မည်ဖြစ်သည်။

၎င်းစာအုပ်ကို အမှတ်(၁၈၁)၃၂ လမ်း (အထက်) ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၂၄၄ နှင့် အမှတ် (၁၅) တပ်မြေ မိုးကောင်းလမ်း (၁၅)ရပ်ကွက် ဘောက်ထော် ရန်ကင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၅၉၂၇၃၊ ၅၄၄၈၉၄ (ဖြန့်ချိရေး)တို့သို့ ဆက်သွယ်မှာကြားဝယ်ယူ ဖတ်ရှုနိုင်သည့်အပြင် အမြို့မြို့အနယ်နယ်ရှိ စာအုပ် အရောင်းဆိုင်ကြီးများတွင်လည်း ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ ကျင်းပ

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ မေးမြန်းချက်များအား ပြန်လည်ဖြေကြား

လွှတ်တော်ရုံးဥပဒေကြမ်းနှင့် ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေကြမ်းတို့ကို ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်း

နေပြည်တော် ဩဂုတ် ၂၃

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။

ယနေ့အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၂၀၉ ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးတင်ယုက **တိုင်းဒေသကြီးများနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် ဆေးဝါးလုံလောက်စွာ ဖြည့်ဆည်းဆောင်ရွက်ပေးရေး**နှင့် စပ်လျဉ်း၍ မေးမြန်းသည်။

ယင်းမေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ပြန်လည်ဖြေကြားရာ၌ ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးပြီးနိုင်ငံများတွင်ပင်လျှင် ပြည်သူလူထုကို ရာနှုန်းပြည့် အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခြင်း မရှိသေးပါကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူ့ဆေးရုံများသို့ လာရောက်ပြသသော လူနာများအား ဆေးဝါးလုံလောက်စွာဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးအတွက် ဆေးရုံသို့လာရောက်ပြသသည့် လူနာဦးရေနှင့် လိုအပ်သည့် အခြေခံဆေးဝါးများ၏တန်ဖိုးကို တွက်ချက်ထားပြီး ဖြစ်ပါကြောင်း၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွက် ဆေးဝါးများဝယ်ယူခြင်းနှင့် စက်ကိရိယာ ပြင်ဆင်ထိန်းသိမ်းမှုအတွက် ခွင့်ပြုထားသည့် ရန်ပုံငွေများဖြင့် ဆေးရုံများသို့ အခြေခံဆေးဝါးများကို ပိုမိုပံ့ပိုးဖြည့်ဆည်းပေးရန် စီစဉ်ဆောင်ရွက်ပြီး ဖြစ်ပါကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနတွင် မကြာမီကကျင်းပခဲ့သော "ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးမြှင့်တင်ရေး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ"၌ ပြည်သူ့ဆေးရုံများသို့ ဆေးဝါးများ လုံလောက်စွာ ထောက်ပံ့နိုင်ရေးကိစ္စကိုလည်း ဆွေးနွေးခဲ့ပါကြောင်းဖြင့် ဖြေကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

ယနေ့ သတင်းအညွှန်း

ဟိုက်ဒရိုဂျင်ဓာတ်ငွေ့ ကုန်ခန်းမှုဖြစ်ပေါ်ကြယ်စင်များဖွဲ့စည်းဖြစ်တည်မှု နည်းပါးလာ သတင်း-စာမျက်နှာ(၆)

ပြည်သူများ တဖွဲဖွဲလာရောက်လျက်ရှိကြ၍ ရတနာ့ဂူပွဲမှာ စည်ကားလျက်ရှိ သတင်း-စာမျက်နှာ(၇)

တက္ကသိုလ်ဝင်စာမေးပွဲဝင်ခွင့် လျှောက်လွှာတင်သွင်းနိုင်

......

၂၀၁၃ တွင် ခရီးသည်တင်ကားများ စီအင်န်ဂျီပြောင်းလဲတပ်ဆင်ခွင့် ရရှိနိုင်

လက်ရှိတွင် နတ်ထွက်ယာဉ်များ နေရာ၌သာ အစားထိုးပြေးဆွဲခွင့်ပြုထား သတင်း-စာမျက်နှာ(၇)

အိုးထရက်ဖို့ဒ်တွင် မန်ယူပရိသတ်များ အပြည့်အဝ ပျော်ရွှင် သတင်း-စာမျက်နှာ(၁၀)